ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၅ ရက်၊ သောကြာနေ့၊ (16-7-2010)(ဖြေဖြေ)

ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ကောဒသမအစည်းအဝေး ကျင်းပ

ရန်ကုန် ဇူလိုင် ၁၅

ပြည်ထောင်စု မြန်မာနိုင်ငံတော် ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ကောဒသမ အစည်းအဝေးကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ စတင်ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် မဟာဓမ္မိကာရာမ ပရိယတ္တိစာသင်တိုက် ကျိုက်ပိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဂုဏောသန အမျှုးပြုတော်မူသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့-အဖွဲ့ဝင်ဆရာတော်များ ကြွရောက်တော်မူကြပြီး **စာမျက်နှာ ၆ ကော်လံ ၁ သို့**

မျက်မှောက် မြန်မာ့ စိုက်ပျိုးမွေးမြူရေးကဏ္ဍ တစ်ရှိန်ထိုး ဖွံ့ဖြိုးဝေဆာ သီးနှံသားငါး ထုတ်လုပ်မှုမြင့်မားလာ

ရေမြေရာသီဥတုကောင်းမွန်မှုနှင့် အတူ ဒေသနှင့်ကိုက်ညီသော သီးနှံပုံစံပြောင်းလဲစိုက်ပျိုးမှုကြောင့် အောင်မြင် ဖြစ်ထွန်းလာသော ရော်ဘာပင်များကို တွေ့ရစဉ်။

သတင်းဆောင်းပါး - မောင်မောင်မျိုး(ပဲခူး)
ဓာတ်ပုံမှတ်တမ်း - ကြေးမုံ
အဆင်အပြင် - နိုင်လင်းကြည်

စိုက်ပျိုးရေးနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံတော်ကြီးကား သဘာဝတောတောင်ရေမြေများ၊ လူတို့ပြုပြင် ဖန်တီးအပ်သော စိုက်ခင်းပျိုးခင်းများဖြင့် စိမ်းလန်းစိုပြည် ဝေဆာလျက်ရှိပေသည်။ စီးပွားရေးဦးတည်ချက်(၄)ရပ်အနက်မှ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဟူသော ဦးတည်ချက်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စိုက်နည်းစနစ်များ တိုးတက်ခေတ်မီအောင် ဆောင်ရွက်နိုင်ခဲ့သကဲ့သို့ မရှိမဖြစ် ဆက်စပ်လုပ်ငန်းဖြစ်သည့် ဆည်မြောင်းတာတမံ တည်ဆောက်ခြင်းကိုလည်း အရှိန်အဟုန်မြင့်ဆောင်ရွက်ခဲ့ရာ ရေကြောင့် သစ်ပင်တို့ ဖြစ်ထွန်းပြီး သစ်ပင်ကြောင့် ရေဓာတ်ပေါ်များစိမ်းစိုခဲ့သည့် အပြန်အလှန်ဖြစ်စဉ်၏ အကျိုးကို မြန်မာနိုင်ငံက ကောင်းစွာရရှိခံစားနိုင်ခဲ့ပေပြီ။

ထိုသို့ ဆောင်ရွက်ဖြစ်ထွန်းမှုတွင် ၁၉၈၈ခုနှစ်အထိ ဆည်၊ ကန်၊ တမံပေါင်း ၁၃၈ခု၊ အကျိုးပြုဧရိယာ ၁၃၃၆၁၉၉ဧကသာ ရှိခဲ့ရာမှ ယခု ၂၀၁၀ ခုနှစ်အတွင်း ဆောင်ရွက်ပြီး ဆည်၊ ကန်၊ တမံပေါင်း ၃၇၀ အထိရှိလာပြီး အကျိုးပြုဧရိယာအားဖြင့် ၄၁၆၃၂၇၅ ဧက အထိရှိခဲ့ရာ ၁၉၈၈ ခုနှစ်မှ ယခုအထိ တိုးတက်မှုအားဖြင့် **စာမျက်နှာ ၈ ကော်လံ ၁ သို့**

နိုင်ငံတော်တွင် ဘက်စုံသီးနှံစိုက်ပျိုးမှု ဖြစ်ထွန်းရေးအတွက်သာမက မွေးမြူရေးလုပ်ငန်းကိုပါ ဟန်ချက်ညီ ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

၁၆-၇-၂၀၁၀
(သောကြာနေ့)

စက်မှုနယ်မြေများ တိုးချဲ့ထူထောင် အရည်အသွေးနှင့်ထုတ်လုပ်မှု တိုးမြှင့်

စက်မှုကဏ္ဍဖွံ့ဖြိုးလာခြင်းသည် နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသည်။ စက်မှုနိုင်ငံအဖြစ်ပြောင်းလဲနိုင်ရန် အခြေခံကောင်းများကို တည်ဆောက်နေသည်။နိုင်ငံတစ်ဝန်း၌ စက်မှုနယ်မြေများ၊ စက်မှုဇုန်များတိုးချဲ့ထူထောင် လုပ်ကိုင်နေကြပြီ။ စက်ရုံ၊ အလုပ်ရုံသစ်များစွာကို တိုးချဲ့ဖွင့်လှစ်လျက်ရှိရာ သွင်းကုန်အစားထိုး စက်ရုံအများအပြားပါဝင်သည်။

နည်းပညာထုတ်လုပ်မှုမြင့်မားသည့်စက်ရုံများကို စက်မှုနယ်မြေအလိုက် ထူထောင်လျက်ရှိသည်။ ရေတာရှည်မြို့နယ်ရှိ သာဂရစက်မှုနယ်မြေ၌ ဘက်စုံသုံးဒီဇယ်အင်ဂျင်၊ ရေအားလျှပ်စစ်တာဘိုင်နှင့် ဂျင်နရေတာများကို ထုတ်လုပ်လျက်ရှိသည်။ မကွေးစက်မှုနယ်မြေစီမံကိန်းကို ထူထောင်ပြီး မော်တော်ယာဉ်များ ထုတ်လုပ်နိုင်ရန် ကြိုးပမ်းနေကြသည်။

အလားတူ အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂)စက်မှုဝန်ကြီးဌာနတို့က လူသုံး အိမ်သုံး ကုန်ပစ္စည်းများ၊ ဆေးဝါးနှင့် စားသောက်ကုန်ပစ္စည်းများကို ထုတ်လုပ်နေကြပြီ။ အထည်အလိပ်စက်ရုံ၊ ဆေးဝါးလုပ်ငန်းစက်ရုံ၊ စက္ကူနှင့် ပျော့ဖတ်စက်ရုံ၊ ပလတ်စတစ်စက်ရုံ၊ ဘိလပ်မြေစက်ရုံ၊ လယ်ယာသုံးစက်ကိရိယာစက်ရုံ စသည့်သွင်းကုန်အစားထိုး စက်ရုံအများအပြားကို တည်ဆောက်ထားရှိပြီ။

ကျောက်ဆည်မြို့နယ်ရှိ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ (အင်ရောင်း) မှ တစ်ခါသုံးဆေးထိုးအပ်သုံးမျိုး၊ သွေးကြောသွင်းဆေးရည်ငါးမျိုးနှင့် ထိုးဆေး ၁၆ မျိုး ထုတ်လုပ်လျက်ရှိသည်။ အလားတူ ကျောက်ဆည်မြို့နယ် အင်းကုန်းကျေးရွာရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံ (အင်းကုန်း)မှလည်း လယ်ယာသုံးစက်ကိရိယာများ ထုတ်လုပ်လျက်ရှိသည်။

စက်ရုံများနယ်မြေ (ကျောက်ဆည်)တွင် လူသုံး အိမ်သုံး ကုန်ပစ္စည်း စက်ရုံအများအပြားကို တည်ဆောက်ထားရှိပြီ။ သွင်းကုန်အစားထိုးစက်ရုံအသစ်များ ဖွင့်လှစ်လျက်ရှိသည်။ တိုးချဲ့ပေါ်ထွက်လာဦးမည့် စက်ရုံများလည်းရှိသည်။ ကုန်ထုတ်လုပ်ငန်းများ အရှိန်အဟုန်ရရှိနေပြီ။ အရည်အသွေးမီ ကုန်ပစ္စည်းများ၊ သုံးစွဲသူစိတ်ကြိုက်ပစ္စည်းများ စဉ်ဆက်မပြတ်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းကြရပေဦးမည်။

စက်ရုံ အလုပ်ရုံတိုင်းက စက်စွမ်းအားပြည့်လည်ပတ်နိုင်ရေး၊ ကုန်ထုတ်လုပ်မှုနှင့် ဝင်ငွေလျာထားချက်များ ပြည့်မီကျော်လွန်စေရေး၊ ဈေးကွက်လိုအပ်ချက်နှင့်အညီ ကုန်ပစ္စည်းများထုတ်လုပ်နိုင်ရေး အရှိန်အဟုန်မြှင့်ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ တက်ရောက်အားပေး

နေပြည်တော် ဇူလိုင် ၁၅

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးသည် တာဝန်ရှိသူများလိုက်ပါ၍ ဇူလိုင် ၅ ရက်တွင် အမ်းမြို့ မိုးလုံလေလုံအားကစားခန်းမ တည်ဆောက်သည့်နေရာသို့ သွားရောက်၍ အဆောက်အအုံတည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းမှာကြားသည်။

တက်ရောက်

တိုင်းမှူးသည် ဇူလိုင် ၇ရက်တွင် အမ်းမြို့ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်သည်။ အဆိုပါ အခမ်းအနားသို့ တပ်မတော် အရာရှိကြီးများ၊ တပ်နယ်/တပ်ရင်း တပ်ဖွဲ့မှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး အခမ်းအနား တက်ရောက်လာကြသူများထံ ပျိုးပင်များ ပေးအပ်၍ တိုင်းမှူးဦးဆောင်ကာ စုပေါင်းစိုက်ပျိုးကြသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးကြသည်။ ထို့နောက် မြို့သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားမှု အခြေအနေများနှင့် ရန်ကုန်-စစ်တွေကားလမ်း ရော်ဘာစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး အမ်းတပ်နယ်ခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် တွေ့ဆုံကာ လိုအပ်သည်များမှာကြား၍ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ကြီး ဦးစိုးသိန်းအား ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၅

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.Cho Byungjae သည် ဇူလိုင်၁၃ရက် မွန်းတည့်၁၂နာရီတွင် နေပြည်တော်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်း၌ လာရောက်တွေ့ဆုံ၍ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်ရေးနှင့် နည်းပညာအထောက်အပံ့ပေးရေးတို့ကို ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး ဖုံး၊ သွန်၊ လဲ၊ စစ် လပွတ္တာ၌ ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၅

ဧရာဝတီတိုင်း လပွတ္တာခရိုင် လပွတ္တာမြို့၌ ဇူလိုင် ၁၃ရက် ညနေ ၃နာရီတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဦး၊ လပွတ္တာခရိုင် ခေတ္တဆေးရုံအုပ်ကြီး ဒေါက်တာအောင်နိုင်ဝင်း၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ဒေသခံပြည်သူများ စုပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းခြင်း၊ ဆေးစိမ်ခြင်ထောင်များပေးဝေခြင်း၊ ပိုးလောက်လမ်းနှိမ်နင်းရေးလုပ်ငန်းများဖြစ်သော ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်ခြင်း၊ Abate ဆေးခတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်းသတင်းရရှိသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

နိုင်ငံတကာ အစားအစာချက်ပြုတ်နည်းများ သင်ယူလိုသူများအတွက် သင်တန်းသစ်ဖွင့်မည်

ရန်ကုန် ဇူလိုင် ၁၅

ပြည်တွင်းပြည်ပရှိ Hotel, Restaurant နှင့် အပျော်စီးသင်္ဘောလိုင်းများ၌ တာဝန်ထမ်းဆောင်လိုသူများနှင့် ကိုယ်ပိုင်လုပ်ငန်းတွင် ကျွမ်းကျင်သူတစ်ယောက်အဖြစ် လုပ်ကိုင်လိုသူများအတွက်ရည်ရွယ်၍ International Culinary Course (နိုင်ငံတကာအဆင့် အစားအစာချက်ပြုတ်ပြင်ဆင်နည်းသင်တန်း) သင်တန်းအပတ်စဉ်အသစ်ကို ဇူလိုင် တတိယပတ်အတွင်း Star Resources Hospitality Management Academy ၌ ဖွင့်လှစ်မည်ဖြစ်သည်။

Institute of Hospitality (UK) နှင့် Institute of AH & LA (USA)မှ သတ်မှတ်ထားသော Course Guide Line များနှင့်အညီ နိုင်ငံတကာအတွေ့အကြုံရှိ ဆရာ၊ ဆရာမများကိုယ်တိုင် တတ်မြောက်ကျွမ်းကျင်အောင် အထောက်အကူပြုပစ္စည်းအစုံအလင်ဖြင့် စနစ်တကျသင်ကြားပေးမည်ဖြစ်သည်။ သင်တန်းတက်ရောက်နေစဉ်နှင့် သင်တန်းတက်ရောက်ပြီးသူများအတွက် လုပ်ငန်းခွင်ဝင်ရောက်နိုင်ရန်နှင့် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်လိုသူများအတွက် လိုအပ်သောအကူအညီများ အခမဲ့ကူညီပေးသွားမည်ဖြစ်သည်။

ထို့အပြင် IELTS Foundation Course နှင့် Intensive Course ကိုလည်း Star Resources Hospitality Management Academy တွင် ဇူလိုင် တတိယပတ်အတွင်း ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ပြီး စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality Management Academy တိုက်(၂၆၇) အခန်း (၃၀၂) ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း -၀၁-၅၂၃၆၂၃၊ ၅၂၃၂၀၀၊ ၄၄၁၂၂၅၆ နှင့် ၀၉-၅၀၂၀၃၀၂ တို့သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကွမ်းခြံကုန်းမြို့နယ်အသင်း စုပေါင်းအလှူ

ရန်ကုန် ဇူလိုင် ၁၅

ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်)၏ ဒသမအကြိမ် စုပေါင်းအလှူပွဲကို ရန်ကုန်တိုင်း ဗဟန်းမြို့နယ် (၃)လမ်းထိပ်ရှိ စွမ်းအင်ဝန်ကြီးဌာနဓမ္မာရုံ၌ ဇူလိုင်၂၅ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ကျင်းပမည်ဖြစ်၍ ကွမ်းခြံကုန်းမြို့နယ် အသင်းဝင်များ၊ စိတ်ပါဝင်စားသူများ တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။

အသင်းသား၊ အသင်းသူများအနေဖြင့် လှူဒါန်းလိုပါက ဦးစိုးညွန့် (ဦးစီးနာယက) ဖုန်း-၅၄၁၆၈၆၊ ဦးကျော်ခိုင် (ဥက္ကဋ္ဌ)ဖုန်း-၂၄၆၁၄၀၊ ဗိုလ်မှူးမြင့်သူ (ငြိမ်း) (အတွင်းရေးမှူး) ဖုန်း-၃၉၈၂၀၀၊ ဦးမောင်မောင်မြင့် (ဘဏ္ဍာရေးမှူး) ဖုန်း-၅၄၇၄၅၅၊ ဦးစန်းအောင် (တွဲ-အတွင်းရေးမှူး) ဖုန်း-၆၆၄၆၀၇၊ ဒေါ်ဥ(အမှုဆောင်)ဖုန်း-၀၉-၈၀၃၃၉၁၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး ကြွရောက်သူများအား ကွမ်းခြံကုန်းဆန်ခေါက်ဆွဲဖြင့် ဧည့်ခံမည်ဖြစ်သည်။

(ကြေးမုံ)

ရန်ကုန်မြို့ တာမွေမြို့နယ် ဘောက်ထော် အေးသာယာလမ်းနေ နှစ်ဖက်သောမိဘများနှင့် ခင်ပွန်း ဗိုလ်မှူးထွန်းမြင့်(ငြိမ်း)အားရည်စူး၍ ဇနီး ဒေါ်ကြည်ကြည်ဆွေမိသားစုက နှင်းဆီကုန်းဘိုးဘွားရိပ်သာတွင် တည်ဆောက်လျက်ရှိသည့် ရေလှောင်ကန်ကြီးအတွက် ငွေကျပ်သိန်း ၅၀ ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၆-၇-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၀ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၉။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၄၀ ၃။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၄း၄၅ ၄။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၄း၅၀ ၅။ မဟာဂီတချိုကြည်မြ
- ၅း၀၀ ၆။ မျိုးချစ်တပ်မတော်
- ၅း၀၅ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၅း၁၅ ၈။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၅း၂၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၁၀။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ -လွင်ပြင်ထဲကခြင်္သေ့များ (အပိုင်း-၂)
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- ၆း၃၀ ၁၄။ "ရွှာ"ဟာသဇာတ်လမ်းတွဲ -သာရင်နှင့်မြို့ပြခရီး (အပိုင်း-၁) (မေတ္တာ၊ ပေါ်လေး၊ ဝင်းသပြေထွန်း) (ဒါရိုက်တာ-မိုးဇော်ကို)
- ၆း၅၀ ၁၅။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၇း၀၀ ၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -စိမ်းရောင်ခြယ် လှည်းကလေး(အပိုင်း-၂၉)**
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ နိုင်ငံတကာသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ အမျိုးသားရေးတေးကဗျာ
- ၂၁။ ရှင်သန်နေသောသီချင်းများ
- ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ကမ္ဘာ့ညီးတွင်မယ့် ချင်သူရဲကောင်း (အပိုင်း-၃၆)**
- ၂၄။ ကျန်းမာခြင်းရဲ့ လျှို့ဝှက်ချက်
- ၂၅။ သင့်အတွက်မနက်ဖြန်
- ၂၆။ အပိတ်နှုတ်ဆက်စကား
- ၂၇။ ပြီးပါပြီ။

ချွတ်ယွင်းချက် စသည်များကို ပြုလုပ်ဆောင်ရွက်မိကြသည့်အခါ မိမိတို့အဖွဲ့ဝင်အချင်းချင်း အပြုသဘောဖြင့် ထောက်ပြဝေဖန်ပြောဆိုကြ၍ အမှန်သို့ရောက်အောင် ပြုပြင်ပေးသင့်

ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ကောဒသမအစည်းအဝေး၌ သဘာပတိ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် မဟာဓမ္မိကာရာမ ပရိယတ္တိစာသင်တိုက် ကျိုက်ပိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဂုဏောသန မြွက်ကြားတော်မူသော အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ
ကောဒသမ အစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော
သဘာပတိ ဒုတိယဥက္ကဋ္ဌ
အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် မဟာဓမ္မိကာရာမ ပရိယတ္တိစာသင်တိုက်
ကျိုက်ပိကျောင်းဆရာတော်
ဘဒ္ဒန္တ ဂုဏောသန၏
အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာ

ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ကောဒသမ အစည်းအဝေးသို့ ကာယသာမဂ္ဂီ၊ စိတ္တသာမဂ္ဂီပေးကာ ကြွရောက်တော်မူလာကြကုန်သော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်အရှင်မြတ်တို့ဘုရား။

ဆရာတော်အရှင်မြတ်များ ကိုယ်စိတ်နှစ်ဖြာ ကြည်သာရွှင်လန်း ချမ်းမြေ့စွာဖြင့် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးဟူသော သာသနာတော်မြတ်ကြီး၏ အရေးသုံးပါးကို ကိုယ်အားဉာဏ်အားရှိသမျှ လုံ့လမလစ် အားသစ်ကြိုးပမ်းတော်မူနိုင်ကြ၍ ရဟန်းတော်တိုင်း၏တာဝန်ဖြစ်သော ဓူရနှစ်ရပ်ကိုလည်း မလစ်လပ်အောင် ထမ်းဆောင်ဖြည့်ကျင့်တော်မူနိုင်ကြပါစေဟု မေတ္တာပုဗ္ဗင်္ဂမ အာသီသပတ္ထနာပြုလျက် နှုတ်ခွန်းဆက်စကား လျှောက်ထားပါသည်ဘုရား။

ဆရာတော်အရှင်မြတ်များ ကိုယ်၏ပင်ပန်းနွမ်းနယ်မှုကို ပဓာနမထားဘဲ သာသနာတော်အရေးကို အလေးပေးကာ ကြွရောက်တော်မူလာကြသော ဆရာတော်အရှင်မြတ်တို့ကို ရွှင်ရွှင်လန်းလန်း ကျန်းကျန်းမာမာ တွေ့မြင်ရပါသဖြင့် နှစ်သက်ရွှင်လန်းဝမ်းမြောက်မှု ပီတိသောမနဿများ ဖြစ်ပွားရပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား - ဘုရားတပည့်တော်တို့၏ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးသည် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် အဆင့်အမြင့်ဆုံး အဖွဲ့အစည်းကြီးဖြစ်၍ သာသနာရေးကိစ္စတို့အတွက် ရဟန်းရှင်လူပြည်သူအများတို့ အားကိုးအားထားပြုရသော အဖွဲ့ကြီးဖြစ်ပါသည်ဘုရား။ သို့ဖြစ်ပါ၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်အရှင်မြတ်တို့သည် (မဟာနာယက)အမည်နှင့် လိုက်လျောညီထွေ ဖြစ်စေရန် မိမိတို့သန္တာန်၌-

ခမာ ဇာဂရိ ယုဋ္ဌာနံ၊ သံဝိဘာဂေါ ဒယိက္ခဏာ။
နာယကဿ ဆဋ္ဌဂိနိ၊ တေဟေဝ နာယကော ဘဝိ

ဟူသည်နှင့်အညီ (၁)အရာရာ၌ သည်းခံခြင်း- ခမာဂုဏ်၊ (၂)နိုးကြားခြင်း-ဇာဂရိယဂုဏ်၊ (၃)လုံ့လဝီရိယ ထကြွမှုရှိခြင်း-ဥဋ္ဌာနဂုဏ်၊(၄)ခွဲခြမ်းဝေဖန်မှုရှိခြင်း- သံဝိဘာဂဂုဏ်၊ (၅)သနားကရုဏာရှိခြင်း-ဒယာဂုဏ်၊ (၆)စေ့စေ့ငုငု ကြည့်ရှုဆင်ခြင် အမြော်အမြင်ရှိခြင်း-ဣက္ခဏာဂုဏ်ဟူသော နာယကဂုဏ်ခြောက်ပါးတို့နှင့် ပြည့်စုံတော်မူကြသည့် အရှင်မြတ်များချည်းသာဖြစ်ကြရမည်ကို ဆရာတော်အရှင်မြတ်တို့ ကိုယ်တော်တိုင် သိတော်မူကြပြီး ဖြစ်ပါသည်ဘုရား။

ဥပမာအားဖြင့် ရထား(လှည်း)တစ်စင်း၌ ရထား၏အစိတ်အပိုင်းဖြစ်သော လှည်းအိမ်၊ လှည်းဘီး၊ ဝင်ရိုး၊ တံပိုးစသော ကောင်းမြတ်ထိုက်တန်သော အင်္ဂါအစိတ်အပိုင်းများ ပြည့်စုံမှသာ တင့်တယ်လှပ အဖိုးအနဂ္ဃထိုက်တန်သော မင်းထိုက်စိုးဝင် (တော်ဝင်) ရထားဖြစ်နိုင်ပါသည်ဘုရား။

ထို့အတူ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများလည်း (မဟာနာယက) ဟူသော အမည်အားလျော်စွာ နာယကဂုဏ်အင်္ဂါ ခြောက်ပါးနှင့် ပြည့်စုံမှသာလျှင် ဂုဏ်နှင့်ဂုဏေး၊ ဂုဏေးနှင့်ဂုဏ်တို့ လိုက်ဖက်ညီလှ၍ နေနှင့်လ ရွှေနှင့်မြပမာ မြန်မာနိုင်ငံ တစ်နိုင်ငံလုံးရှိ သံဃာထုအလယ်မှာ (တော်ဝင်)ဆရာတော်ကြီးများအဖြစ် ဂုဏ်တင့်မည်ဖြစ်ပါသောကြောင့် နာယကဂုဏ်အင်္ဂါခြောက်ပါးနှင့် ပြည့်စုံအောင် (စံထား) ကျင့်ဆောင်တော်မူကြရမည်ဖြစ်ပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား-ဤနာယကဂုဏ်ခြောက်ပါးတို့တွင် နောက်ဆုံးဖြစ်သော စေ့စေ့ငုငု ကြည့်ရှုဆင်ခြင် အမြော်အမြင်ရှိခြင်းဟူသော(ဣက္ခဏ)ဂုဏ်အင်္ဂါကို ကိစ္စကြီးငယ် အသွယ်သွယ် အဝဝဟူသမျှတို့၌ ရှေးဂုဏ်အင်္ဂါငါးပါးထက် အလွန်အကြူးအထူးအားဖြင့် အလိုရှိအပ်၊ အလိုရှိသင့်၊ ပြည့်စုံစေအပ်၊ ပြည့်စုံစေသင့်ပါသည် ဘုရား။

အဘယ်ကြောင့်ဆိုသော် အကြီးအမှူး ဦးစီးပဓာနဖြစ်ကြသော ပုဂ္ဂိုလ်တို့သည် မိမိတို့အကြီးအမှူးပြုရာ ပုဂ္ဂိုလ်များအတွင်း၌ အကြောင်းအရာဝတ္ထုအစုစုတို့ကို တစ်ခုမကျန် ဝေဖန်ပိုင်းခြားပြတ်သားစွာ သိမြင်အောင်ကြည့်ရှုပြီးမှသာ ပဂ္ဂဟ နိဂ္ဂဟ ကိစ္စကြီးငယ် အသွယ်သွယ်ကို ပြုလုပ်ဆောင်ရွက်ပါက ချွတ်ယွင်းချက်မရှိ တိကျမှန်ကန်သော ဆောင်ရွက်ချက်ဖြစ်သဖြင့် (ပရူပဝါဒ)ကင်းဝေး၍ လိုအပ်သောအကျိုး ပြီးစီးအောင်မြင်နိုင်ပါသည်ဘုရား။

ထိုသို့မဟုတ်ဘဲ တစ်နားကြား၊ တစ်ယောက်ကြား ထင်မြင်ရာသဘောဖြင့် အဆောတလျင် အလျင်အမြန် အမှုကိစ္စတို့ကို ပြုလုပ်ဆောင်ရွက်ပါက ချွတ်ချော်မှားယွင်း မှန်ကန်ခြင်းမရှိသဖြင့် (ပရူပဝါဒ)ဖြစ်၍ လိုအပ်သောအကျိုးများ ပြီးစီးအောင်မြင်မှုမရှိဘဲ နောင်မှ ပူပန်ရတတ်ပါသည်ဘုရား။ ထို့ကြောင့်

မာစဝေဂေန ကိစ္စာနိ၊ ကာရာပေယျ ကရောတိဝါ။
သဟသာ ကာရိတံ ကမ္မံ၊ မန္ဒော ပစ္ဆာနုတပ္ပတိ။

အဆောတလျင် အလျင်အမြန် အမှုကိစ္စတို့ကို သူတစ်ပါးကိုလည်း မပြုစေလင့်၊ မိမိလည်း မပြုပါလင့်၊ အမှုကိစ္စမှန်သမျှကို အဆောတလျင် အလျင်အမြန် ပြုလုပ်မိလျှင် ပညာနည်းသော ပုဂ္ဂိုလ်သည် နောင်မှ ပူပန်ရတတ်၏ဟူသော ဒေသနာတော်ကို အလေးဂရုပြုတော်မူကြကာ ပိုင်းပိုင်းခြားခြား ပြတ်ပြတ်သားသား သိမြင်အောင် ကြည့်ရှုဆင်ခြင်၊ အမြော်အမြင်ရှိခြင်းဟူသော (ဣက္ခဏ)ဂုဏ်အင်္ဂါကို ကိစ္စကြီးငယ် အသွယ်သွယ် အဝဝ ဟူသမျှတို့၌ ရှေးဂုဏ်အင်္ဂါငါးပါးထက် အလွန်အကြူးအထူးအားဖြင့် အလိုရှိအပ် အလိုရှိသင့် ပြည့်စုံစေအပ် ပြည့်စုံစေသင့်သည်ဖြစ်၍ ပြည့်စုံအောင် ဆောင်ရွက်တော်မူကြပါဟု တိုက်တွန်းစကား လျှောက်ထားပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား-အရှင်မြတ်များ သတိမူတော်မူနိုင်ရန် လျှောက်ထားလိုသည်မှာ မြတ်စွာဘုရားက သံယုတ်ပါဠိတော်၌

(သတိံစ ခွာဟံ ဘိက္ခဝေ သဗ္ဗတ္ထိကံ ဝဒါမိ)ဟု (သတိ)ကို အရာခပ်သိမ်းမှာ လိုလားအပ်သော တရား၊ လိုအပ်သော တရားအဖြစ် ဟောတော်မူခဲ့ပါသည်။ ထိုသို့ အလုပ်တိုင်း၊ ကိစ္စတိုင်း အရာခပ်သိမ်း ဘယ်နေရာမဆို အလိုလားအပ်ဆုံး အလိုအပ်ဆုံး (သတိ)ကို မိမိတို့သန္တာန်၌ အမြဲကပ်နေရမည်ဖြစ်သော်လည်း ဘုရားတပည့်တော်တို့ အရှင်မြတ်တို့မှာ ပုထုဇဉ်များဖြစ်ကြသည့်အလျောက် သတိတရား အမြဲတမ်းရှိနေဖို့ ဆိုတာလည်း အလွန်ခဲယဉ်းလှပါသည် ဘုရား။ တစ်ရံတစ်ခါ သတိလွတ်ချင် လွတ်ကြမှာပါပဲ၊ မိမိတို့က စေတနာထား ရိုးရိုးသားသား ကြိုးကြိုးစားစား အလုပ်ကို လုပ်ကိုင်ဆောင်ရွက်နေသော်လည်း ကြမ္မာငင်လာသည့်အခါ အမှန်လုပ်ရင်းက အမှားအယွင်း ဖြစ်သွားတတ်ပါသည်ဘုရား။ ထို့ကြောင့်

ဘုန်းနှင့်သမ္ဘာ ထက်ကြပ်ပါလည်း
ကြမ္မာဆောင်နှင်း၊ သတိယွင်းက

ခြင်္သေ့မင်းပင် ဂူမမြင်တည်း. . . ဟူသော ရှေးပညာရှိတို့ အဆိုအမိန့်ရှိပါသည်ဘုရား။ တစ်ခါတစ်ရံ သတိလွတ်ကင်းသတိယွင်း၍ မိမိတို့ဆောင်ရွက်နေသည့် ကိစ္စများ၊ တာဝန်များ ပုထုဇဉ်ဖြစ်သည့်အလျောက် ချွတ်ယွင်းချက် လစ်ဟင်းချက် လိုအပ်ချက် မှားယွင်းချက်များ ဖြစ်တတ်ပါသည်ဘုရား။ ထိုသို့ ချွတ်ယွင်းချက် စသည်များကို ပြုလုပ်ဆောင်ရွက်မိကြသည့်အခါ မိမိတို့အဖွဲ့ဝင်အချင်းချင်း အပြုသဘောဖြင့် ထောက်ပြဝေဖန်ပြောဆိုကြ၍ အမှန်သို့ရောက်အောင် ပြုပြင်ပေးသင့်ပါသည်ဘုရား။ ဤသို့ ချွတ်ယွင်းမှုကို အပြုသဘောဖြင့် ထောက်ပြဝေဖန်၍ အမှန်သို့ရောက်အောင် ပြုပြင်ပေးသူကို အပြစ်မမြင် ကျေးဇူးတင်လျက်-

နိဓီနံဝ ပဝတ္တာရံ၊ ယံ ပဿေ ဝဇ္ဇဒဿိနံ

အပြစ်ပြဆုံးမလာသူကို ရွှေအိုးကြီးဖော်ထုတ်ပြသကဲ့သို့ မြင်ရမည်ဟု ဗုဒ္ဓမြတ်စွာ ဓမ္မပဒပါဠိတော်၌ ဆုံးမသည်ကို ဦးထိပ်ရွက်ပန်ဆင်ပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရတို့ကလည်း သာသနာတော်အတွက် အဘက်ဘက်မှ လိုလေသေးမရှိအောင် အားပေးချီးမြှောက်ထောက်ပံ့နေသည့်အပြင် ပြည်သူပြည်သား၊ ဒါယကာ၊ ဒါယိကာမများကလည်း အင်တိုက်အားတိုက် အားပေးချီးမြှောက် ထောက်ပံ့နေသည့် ဤအချိန်ကောင်း အခါကောင်းဝယ် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်များသည် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးဟူသော သာသနာတော်အရေးသုံးပါးတို့ကို ဆောင်ရွက်တော်မူကြရာ၌ သတိတရားလက်ကိုင်ထား၍ အမှားအယွင်းကင်းနိုင်သမျှ ကင်းအောင် အင်တိုက်အားတိုက် ဆောင်ရွက်တော်မူကြပါရန် လျှောက်ထားလျက် တပည့်တော်၏ သာရဏီယဩဝါဒကထာကို နိဂုံးကမ္ပတ်အဆုံးသတ်ပါသည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်အရှင်မြတ်တို့ဘုရား။

ဘဒ္ဒန္တ ဂုဏောသန
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
ဒုတိယဥက္ကဋ္ဌ
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၆-၇-၂၀၁၀ (သောကြာနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ အာဋာနာဋိယသုတ်
၅း၁၅ MRTV-4 သတင်း
၆း၀၀ "အသိပြည့်ဖို့သတိရှိစို့" တရားတော် (ဆရာတော်အရှင်မာဃိန္ဒ)
၇း၀၀ MRTV-4 သတင်း
၇း၄၅ ရန်ကုန်မြင်ကွင်းကျယ် (Jeuno' Facial Bar ပစ္စည်းသစ်မိတ်ဆက်ပွဲ)
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၄၈)**
၈း၃၀ Sports World
၉း၀၀ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ရန်ပုံငွေတေးဂီတဖျော်ဖြေပွဲ
၉း၂၀ Activities in The City - စိန်ရတုမဟာနာယက ကျောင်းဆောင်သစ်လှူဒါန်းပေးအပ်ပွဲ - Myanmar Society of Endocrinology & Metabolism(MSEM) ၏ နှစ်ပတ်လည်အခမ်းအနား
၉း၅၀ Movie Talk (ဇာတ်သဘင်မှ ရုပ်ရှင်သို့ ကူးပြောင်းလာသည့်မင်းသမီးများ) (အပိုင်း-၃)
၁၀း၃၀ အနုပညာရုပ်ဝန်းမှရင်ခုန်သံများ "မေခင်ကညာ"ရုပ်ရှင်ကန်တော့ပွဲ အခမ်းအနား
၁၀း၅၅ VJ Choice
၁၁း၂၀ ရွှေတိုင်းမြို့မှဂုဏ်တင့်စေရာ ကြိမ်လက်မှုအနုပညာ
၁၁း၃၅ ပန်းချီပြခန်း (Rhzome Art ပန်းချီပြပွဲ)
၁၁း၄၅ ငှက်ပြတိုက်(လော့်ကားဥယျာဉ်)
၁၁း၅၅ ကျန်းမာရေးဆွေးနွေးခန်း (ဆီးချိုမျက်စိရောဂါအကြောင်း သိကောင်းစရာ)
၁၂း၃၀ Activities in The City - စိန်ရတုမဟာနာယက ကျောင်းဆောင်သစ်လှူဒါန်းပေးအပ်ပွဲ - Myanmar Society of Endocrinology & Metabolism(MSEM) ၏ နှစ်ပတ်လည်အခမ်းအနား
၁း၀၀ "အသိပြည့်ဖို့သတိရှိစို့" တရားတော် (ဆရာတော်အရှင်မာဃိန္ဒ)
၂း၀၀ MRTV-4 သတင်း
၂း၄၅ သူတို့ပြောတဲ့သူတို့အကြောင်း (သရုပ်ဆောင်ညီကျော်နှင့်တွေ့ဆုံခြင်း) (အပိုင်း-၂)
၃း၀၅ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၃း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၄၈)**
၄း၀၅ ကလောဈေးနေ့
၄း၂၀ အနုပညာရုပ်ဝန်းမှရင်ခုန်သံများ "မေခင်ကညာ"ရုပ်ရှင်ကန်တော့ပွဲ အခမ်းအနား
၄း၄၅ ဖက်ရှင်လမ်းညွှန် (ဒီဇိုင်နာတစ်ယောက်ရဲ့ခံစားမှု) (အပိုင်း-၂)
၅း၁၀ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ရန်ပုံငွေတေးဂီတဖျော်ဖြေပွဲ
၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀ MRTV-4 သတင်း
၆း၂၀ World of Knowledge (Seconds From Disaster; Munich Olympic Massacre)
၇း၁၀ ရန်ကုန်မြင်ကွင်းကျယ် (Jeuno' Facial Bar ပစ္စည်းသစ်မိတ်ဆက်ပွဲ)
၇း၂၅ FMF Selection
၈း၀၀ MRTV-4 သတင်း
၈း၃၀ VJ Choice
၉း၀၀ သူတို့ပြောတဲ့သူတို့အကြောင်း (သရုပ်ဆောင်ညီကျော်နှင့်တွေ့ဆုံခြင်း) (အပိုင်း-၂)
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၄၈)**
၁၀း၀၀ လှပသစ်ဆန်းအလှပြင်ခန်း (i Hair & Beauty Spa)
၁၀း၂၀ ကျန်းမာရေးဆွေးနွေးခန်း (ဆီးချိုမျက်စိရောဂါအကြောင်း သိကောင်းစရာ)
၁၀း၅၀ ဖက်ရှင်လမ်းညွှန် (ဒီဇိုင်နာတစ်ယောက်ရဲ့ခံစားမှု) (အပိုင်း-၂)
၁၁း၁၅ ပန်းချီပြခန်း (Rhzome Art ပန်းချီပြပွဲ)
၁၁း၃၀ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၁း၄၀ မြေကြီးမှရွှေသီးဖို့ စက်မှုလယ်ယာကူးပြောင်းစို့
၁၁း၅၅ သတင်းကောင်း (သျှားညို၊ ဆုပန်ထွာ၊ ပွင့်) (ဒါရိုက်တာ-ညိုမင်းလွင်)
၁၂း၂၀ ကွန်ရက်ပမာယှက်သွယ်ဖြာ
၁၂း၂၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

NLEC မှ ဘာသာရပ်နှင့် အလုပ်အကိုင်အခွင့်အလမ်းများအကြောင်း ဟောပြောမည်

ရန်ကုန် ဇူလိုင် ၁၅

နေ့စဉ်တိုးတက်နေသော နည်းပညာသစ်များနှင့် ယင်းနည်းပညာသစ်များကို အသုံးချပြီး ခဲ့ထွင်လာသော ဘာသာရပ်အသီးသီးတို့ကြောင့် ပညာဆည်းပူးမှုအဟုန်မြင့်မားလျက်ရှိသည်။ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးသူများမှ ဘွဲ့ရရှိပြီးသူများအထိ စိတ်ဝင်တစားလေ့လာနိုင်သော နိုင်ငံတကာပညာရေး အခွင့်အလမ်းများ၊ ဘာသာရပ်ရွေးချယ်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများ အကြောင်းကို Education for All အစီအစဉ်အရ ဟောပြောပွဲကို ဇူလိုင် ၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများဟိုတယ် Myanmar Ballroom (2) ခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ယင်းဟောပြောပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်သည် GCSE 'O' Levelနှင့် ညီမျှကြောင်း၊ နိုင်ငံတကာပညာရေးနယ်ပယ်တွင် အရေးပါသော အင်္ဂလိပ်စာနှင့် စကားလေ့လာပုံ နည်းစနစ်၊ တက္ကသိုလ်၊ ကောလိပ်ရွေးချယ်ပုံ နည်းစနစ်များ အကြောင်းတို့ကို ဒေါက်တာနေ Ph.D (UK)နှင့် City of Sunderland College (UK)၏ ဒုတိယကျောင်းအုပ်ကြီး Dr. Trevor Ashton တို့က ဟောပြောဆွေးနွေးကြမည်ဖြစ်သည်။ စိတ်ပါဝင်စားသူတိုင်း အခမဲ့ တက်ရောက်ခွင့်ရရှိမည်ဖြစ်ပြီး နဝရတ်ပညာရေး (NLEC) အမှတ်(၈၂) (တတိယထပ်) အနော်ရထာလမ်း (၃၉ လမ်းထောင့်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၅၀၂၂၅၊ ၂၅၀၁၅၀နှင့် ၀၉၅၁၂၇၃၀၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်) စုပေါင်းအလှူပွဲ

ရန်ကုန် ဇူလိုင် ၁၅

ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်စဉ်ကျင်းပသော စုပေါင်းအလှူပွဲကို ဩဂုတ် ၁ရက် (တနင်္ဂနွေနေ့)နံနက် ၁၀နာရီတွင် ဧရာဝတီတိုင်းဓမ္မာရုံ အမှတ် (၂၁/၄၃-စီ) ကြားတောရလမ်း ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ် ဗဟန်းမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ အသင်းသား အသင်းသူများ၊ မြို့နယ်သူ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရ သည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် လှူဒါန်းလိုပါက ဦးမောင်ညိမ်း ဖုန်း-၆၆၇၁၃၃၊ ဦးသိန်းလွင် ဖုန်း-၂၅၁၂၇၅၊ ဦးကျော်မြင့် ဖုန်း-၂၆၉၂၀၁၊ ဦးကျော်ရင် ဖုန်း-၅၆၀၅၂၀၊ ဦးတင်စော ဖုန်း-၀၉-၅၁၈၄၇၈၅၊ ဦးအောင်ဆန်း ဖုန်း-၅၅၃၄၃၅နှင့် အသင်းရုံး ဖုန်း-၅၀၁၅၁၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ကွန်ဆန်တိုင်ဖွန်းမုန်တိုင်း တိုက်ခတ် မနီလာ၌ ဓာတ်အားလိုင်းများပြတ်တောက်

ပေကျင်း ဇူလိုင် ၁၅

ဖိလစ်ပိုင်နိုင်ငံ လူဇုန်ကျွန်း၌ ကွန်ဆန်တိုင်ဖွန်းမုန်တိုင်း မွှေနှောက်တိုက်ခတ်မှုကြောင့် လူ ၂၂ ဦး သေဆုံးပြီး ၁၂ ဦးဒဏ်ရာရရှိကာ ၅၇ ဦးပျောက်ဆုံးနေကြောင်း ဖော်ပြ သည်။

ယင်းမုန်တိုင်းကြောင့် လေပြင်းများ တိုက်ခတ်ပြီး သစ်ပင်များလဲကျကာ ဓာတ်အားလိုင်းများ ပြတ်တောက်ခဲ့ရသည်။ လူဇုန်ကျွန်းနေ လူပေါင်းများစွာတို့သည် နှစ်ရက်ကြာမျှ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုနှင့် ကြုံတွေ့နေရသည်။ မဟာဓာတ်အားပေးလိုင်းများပြင်ဆင်ရန် နှစ်ရက် သို့မဟုတ် သုံးရက်အချိန်ယူရမည်ဖြစ်ပြီး လျှပ်စစ်မီးရရှိရေးအတွက် အနည်းဆုံး ငါးရက် ကြာမြင့်မည်ဟု ခန့်မှန်းထားသည်။

ကြုံတွေ့ခဲ့

ကွန်ဆန်မုန်တိုင်းကြောင့် ဖိလစ်ပိုင်နိုင်ငံ ပြည်နယ်အများအပြား၌ ဆိုးဆိုးရွားရွားပျက်စီးမှုများ ကြုံတွေ့ခဲ့ရသည်။

ကွန်ဆန်မုန်တိုင်းသည် အပူပိုင်းမုန်တိုင်းအဖြစ် အားကောင်းခဲ့ကာ တစ်နာရီလျှင်ကီလိုမီတာ ၁၂၀ကျော်ထိ တိုက်ခတ်ခဲ့သော်လည်း နောက်ပိုင်းတွင် ယင်းမုန်တိုင်း အားလျော့ကာ ပျက်ပြယ်သွားကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ရှိ ဓာတ်ငွေ့ဆိုင်ရှေ့၌ ကွန်ဆန်တိုင်ဖွန်းမုန်တိုင်းကြောင့် ပျက်စီးခဲ့သည်များကို ဇူလိုင် ၁၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဂါဇာဒေသအတွက် အစားအစာနှင့် ဆေးဝါးဆိုင်ရာ ထောက်ပံ့ရေးပစ္စည်းများတင်ဆောင်လာသော လစ်ဗျားနိုင်ငံ အာမောလ်သီးယားသင်္ဘောအား အီဂျစ်နိုင်ငံ အယ်လ်အာရစ်ဆိပ်ကမ်း၌ ဆိုက်ကပ်ထားသည်ကို ဇူလိုင် ၁၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဂါဇာဒေသ ထောက်ပံ့ရေးပစ္စည်းသယ်ဆောင်လာသော လစ်ဗျားသင်္ဘော အီဂျစ်ဆိပ်ကမ်း၌ ဆိုက်ကပ်

အယ်-အာရစ်(အီဂျစ်) ဇူလိုင် ၁၅

ပိတ်ဆို့ခံထားရသောဂါဇာကမ်းမြောင်ဒေသအတွက် ထောက်ပံ့ရေးပစ္စည်းများသယ်ဆောင်လာသော လစ်ဗျားသင်္ဘောသည် အစ္စရေးရေတပ်၏တားမြစ်မှုခံရပြီးနောက် အီဂျစ်နိုင်ငံ ဆိပ်ကမ်းတစ်ခု၌ ကြာသပတေးနေ့က ဆိုက်ကပ်ခဲ့ကြောင်းသိရသည်။

လွှဲပြောင်းမည်

အယ်-အာရစ်ဆိပ်ကမ်း၏တာဝန်ရှိသူတစ်ဦးက ဇူလိုင်၁၅ရက်တွင် ဆိပ်ကမ်း၌သင်္ဘောပေါ်မှကုန်ပစ္စည်းများကို ဂါဇာဒေသသို့ ပို့ဆောင်နိုင်ရေးအတွက် လခြမ်းနီအဖွဲ့သို့ လွှဲပြောင်းပေးမည်ဟုဆိုသည်။

သုံးနှစ်ကြာပိတ်ဆို့ထားသော ဂါဇာဒေသသို့လာရောက်သည့် အကူအညီပေးသင်္ဘောများဆိုက်ကပ်ခြင်းကို အစ္စရေးစစ်သင်္ဘောများက တားမြစ်ခဲ့သည်။

လစ်ဗျားနိုင်ငံခေါင်းဆောင် မွမ်မာကဒါဖီ၏သား ကမကထပြုသော ကဒါဖီဖောင်ဒေးရှင်း၏ ထောက်ပံ့ရေးသင်္ဘော အာမောလ်သီးယားသည် အစားအစာနှင့်ဆေးဝါးထောက်ပံ့ရေးပစ္စည်း တန် ၂၀၀၀ တင်ဆောင်ကာ စနေနေ့က ဂရိနိုင်ငံမှ ထွက်ခွာခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ယီမင်တွင် မိုးသည်းထန်၊ ရေလွှမ်းမိုး၍ လူ ၁၅ ဦး သေဆုံး

ဆာနား ဇူလိုင် ၁၅

ယီမင်နိုင်ငံတွင် မိုးအဆက်မပြတ်ရွာသွန်းပြီး ရေလွှမ်းမိုးမှုများဖြစ်ပေါ်ကာ ပြည်နယ်သုံးခုမှ လူ ၁၅ ဦးထက်မနည်း သေဆုံးကြောင်း သတင်းတွင်ဖော်ပြသည်။

ရုတ်တရက်မိုးသည်းထန်

ယီမင်နိုင်ငံတောင်ဘက်မှ ကီလိုမီတာ ၁၅၀ ကွာဝေးသော အိုင်ဘီဘီပြည်နယ်တွင် ရုတ်တရက် မိုးသည်းထန်စွာရွာသွန်းကာ ရေလွှမ်းမှုဖြစ်ပွားခြင်းကြောင့် အမျိုးသမီးနှစ်ဦးနှင့် ကလေးသုံးဦးအပါအဝင် လူခုနစ်ဦး သေဆုံးခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန၏ ပြောကြားချက်ကို ကိုးကား၍သတင်း၌ ဖော်ပြသည်။

ရေလွှမ်းမိုးမှုဖြစ်ပေါ်နေစဉ် ပျောက်ဆုံးနေသူများရှိ၍ ရဲတပ်ဖွဲ့နှင့် ကယ်ဆယ်ရေးအဖွဲ့များက ရှာဖွေမှုများ ပြုလုပ်လျက်ရှိသည်။

ရေကာတာကျိုးပေါက်

ဒါးမားပြည်နယ် ဘာနီတက်ဘက်ဗ်ဒေသတွင် ရေကာတာကျိုးပေါက်ပြီး ကျောက်တုံးများပြိုကျမှုကြောင့် ကလေးတစ်ဦးအပါအဝင် လူငါးဦးသေဆုံး၍ လေးဦးဒဏ်ရာရရှိသွားသည်ဟု သတင်းတွင် ပါရှိသည်။

ရေစီးဖြင့် မျောပါ

ဒါးမားပြည်နယ်ရှိ ဝီဆက်တ်အဆာဖီးလ်ဒေသနှင့် မက်ဂျ်ဟရာဘက်ပါဟစ်ကျေးရွာတွင် ကားတစ်စီး ရေစီးဖြင့်မျောပါသွားမှုကြောင့် ကားပေါ်ပါအမျိုးသမီးသေဆုံး၍ လူအချို့ ဒဏ်ရာရရှိကြသည်။

ဆာနားမြို့တော်တွင် ရေလွှမ်းမိုးမှုဒဏ်ကိုခံစားရ၍ လူတစ်ဦးသေဆုံးပြီး အီသီယိုးပီးယားအမျိုးသားတစ်ဦး လျှပ်စစ်ဓာတ်အားမတော်တဆဖြစ်မှုကြောင့် သေဆုံးခဲ့ရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ချီကာဂိုတွင် လေယာဉ်ငယ်တစ်စင်းပျက်ကျ လေယာဉ်မှူးနှင့် မြေးသုံးဦး သေဆုံး

ချီကာဂို ဇူလိုင် ၁၅

မီချီဂန်ပြည်နယ်မြောက်ပိုင်း ချီကာဂိုမြို့တွင် လေယာဉ်ငယ်တစ်စင်းပျံသန်းနေစဉ် ပျက်ကျသွား၍ အသက် (၇၃) နှစ်အရွယ်ရှိ လေယာဉ်မှူးနှင့် ၎င်း၏မြေးသုံးဦး သေဆုံးသွားကြောင်း သက်ဆိုင်ရာတာဝန်ရှိသူပုဂ္ဂိုလ်များက ပြောကြားသည်။

လေယာဉ်ပျက်ကျစဉ် လေယာဉ်ပေါ်မှ လွင့်စဉ်၍ကျသွားသော ၎င်းလေယာဉ်မှူး၏မြေးတစ်ဦးဖြစ်သူ အသက် (၁၃) နှစ်ရှိ ယော့စီမင်နုရာမှာမူ မီးလောင်ဒဏ်ရာများပြင်းထန်စွာ ရရှိသော်လည်း အသက်မသေဘဲ ကျန်ရှိသည်။ ၎င်းကလေးအား ဒေသခံဆေးရုံသို့ တင်ပို့ကုသပေးလျက်ရှိသည်။

မိုရှီမီနိုရာအမည်ရှိ လေယာဉ်မှူးနှင့် ၎င်း၏မြေးများဖြစ်သော အသက် (၁၆) နှစ်အရွယ်ရှိ ရစ်ကီမီနိုရာ၊ ရက်ချယ်မီနိုရာ (၁၄)နှစ်နှင့် ဆာရာကလိန်းအမည်ရှိ အသက် (၁၇) နှစ်တို့ သေဆုံးခဲ့ရသည်။

အခက်အခဲနှင့်ကြုံ

၎င်းလေယာဉ်မှူးသည် မက်စနက်ခရိုင် လေဆိပ်မှ ညနေ ၅ နာရီတွင် လေယာဉ်ကို မောင်းနှင်ပျံသန်းခဲ့ကြောင်း၊ ပျံသန်းရင်းမမျှော်လင့်သည့် အခက်အခဲများနှင့် ကြုံတွေ့ခဲ့ရဟန်တူကြောင်း သက်ဆိုင်ရာအာဏာပိုင်များက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ချီလီနိုင်ငံအလယ်ပိုင်းတွင် ငလျင်လှုပ်

ဆန်တီယေဂို ဇူလိုင် ၁၅

ချီလီနိုင်ငံအလယ်ပိုင်း ကမ်းရိုးတန်းဒေသတွင် ဗုဒ္ဓဟူးနေ့က ငလျင်ပြင်းအား ၆ ဒသမ ၅ အဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့သည်ဟု အမေရိကန်နိုင်ငံ ဘူမိဗေဒဌာနက ပြောကြားသည်။

အဆိုပါငလျင်သည် ချီလီနိုင်ငံအလယ်ပိုင်း တီမူကိုမြို့၏ အနောက်မြောက်ဘက် ၉၈ ကီလိုမီတာ ကွာဝေးသောနေရာကို ဗဟိုပြု၍ ၂၈ ကီလိုမီတာ အနက်၌ ဗဟိုပြုလှုပ်ခြင်းဖြစ်သည်။

ငလျင်လှုပ်ခြင်းကြောင့် သေကျေမှုနှင့် ပျက်စီးဆုံးရှုံးမှုများနှင့်ပတ်သက်၍ ချီလီအာဏာပိုင်များက ထုတ်ပြန်ပြောကြားခြင်းမရှိဟုဆိုသည်။

ငလျင်ဗဟိုချက်မှ ကီလိုမီတာ ၁၀၀ အတွင်း ကမ်းခြေတစ်လျှောက်တွင် ဆူနာမီရေလှိုင်းများ ဖြစ်ပေါ်နိုင်သည်ဟု ပစိဖိတ်ဆူနာမီ သတိပေးရေးဌာနက သတိပေးချက် ထုတ်ပြန်ထားသည်ဟု သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ပါကစ္စတန်၌ အသေခံပုံးဖောက်ခွဲ သေကျေဒဏ်ရာရရှိသူ ၅၀ထိ တိုးလာ

အစ္စလာမ္မာဘတ် ဇူလိုင် ၁၅

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း မင်ဂိုရာမြို့တွင် ဇူလိုင်၁၅ရက်က အသေခံဗုံးဖောက်ခွဲမှု ဖြစ်ပွားခြင်းကြောင့် သေကျေ ဒဏ်ရာရရှိသူ ၅၀ထိတိုးလာကြောင်း ပြည်တွင်းသတင်းများက ဖော်ပြသည်။

စိုးရိမ်ရ

ယင်းဗုံးပေါက်ကွဲမှုကြောင့် ငါးဦး ထက်မနည်း သေဆုံးပြီး အမျိုးသမီးနှစ်ဦးနှင့် ကလေးခုနစ်ဦး အပါအဝင် ၄၅ဦး ဒဏ်ရာရရှိကြောင်း၊ ဒဏ်ရာရရှိသူအများစုကို အနီးဆုံးဆေးရုံသို့ ပို့ဆောင်ခဲ့ပြီး စိုးရိမ်ရသော အခြေအနေရှိကြောင်း ဖော်ပြသည်။

အဆိုပါ ဗုံးပေါက်ကွဲမှုကြောင့် စစ်ယာဉ်သုံးစီးအပါအဝင် ကားရှစ်စီးခန့် ပျက်စီးခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ဗုံးပေါက်ကွဲမှု ဖြစ်ပွားသည့် ဒေသအားရဲတပ်ဖွဲ့ဝင်များ ပိတ်ဆို့ထားပြီး ရှာဖွေစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း၊ ဗုံးရှင်းလင်းရေးအဖွဲ့က အခြားဖြစ်နိုင်ဖွယ်ရှိသောဗုံးများကို ရှာဖွေနေကြကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

ဗုံးဖောက်ခွဲ

ဒေသစံတော်ချိန်မွန်းလွဲ ၁၂နာရီခွဲက ပွဲတော်ကျင်းပနေသော မင်ဂိုရာမြို့လယ်ရှိ ဘတ်စ်ကားဂိတ်အနီး ကင်းလှည့်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင် ယာဉ်တန်းအကြား အသေခံဗုံးသမားက ဗုံးဖောက်ခွဲခဲ့ခြင်း ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ပါကစ္စတန်နိုင်ငံ ဆွတ်တောင်ကြားဒေသ မင်ဂိုရာမြို့တွင် အသေခံဗုံးဖောက်ခွဲမှုဖြစ်ပွားသည့်နေရာ၌ ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဇူလိုင် ၁၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တိုက်ကြီး-ဖောင်ကြီး-ပဲခူးလမ်း ကတ္တရာခင်းရန် ကျောက်ချောလမ်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တိုက်ကြီး-ဖောင်ကြီး-ပဲခူးလမ်း ဖောက်လုပ်ပြီးစီးမှု ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၁၅

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်နှင့်အတူ ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ဖူးကြီး-ဖောင်ကြီးလမ်း တောင်လှိုင်ရိုးမသစ်တောကြိုးဝိုင်း အကွက်အမှတ်(၁၈)၌ ကျင်းပသည့် တိုက်ကြီးမြို့နယ် ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး မိုးရာသီ ကျွန်းပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ရန်ကုန်တိုင်း သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူးက ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး မိုးရာသီ ကျွန်းပင်စိုက်ပျိုးပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ကျွန်းပျိုးပင်များကို ပေးအပ်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ကျွန်းပင်များကို စိုက်ပျိုးပေးကြပြီး တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ တိုက်ကြီးတပ်နယ်ရှိ တပ်ရင်း/ တပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊အကြပ်၊စစ်သည်နှင့် မိသားစုများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဖူးကြီး-ဖောင်ကြီးလမ်းရှိ တောင်လှိုင်ရိုးမကြိုးဝိုင်း ပျဉ်းကတိုးသစ်စေ့ထုတ်လုပ်ငန်း စိုက်ခင်းသို့ ရောက်ရှိကြပြီး ရှင်းလင်းဆောင်၌ တာဝန်ရှိသူတစ်ဦးက ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များမှာကြားပြီး ပျဉ်းကတိုးစိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တိုက်ကြီး-ဖောင်ကြီး-ပဲခူးလမ်း ကတ္တရာလမ်း တည်ဆောက်ခြင်း စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး ရှင်းလင်းဆောင်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဒုတိယအင်ဂျင်နီယာချုပ်၏ ရှင်းလင်းတင်ပြမှုအပေါ် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ကတ္တရာခင်းရန် ကျောက်ချောလမ်း ဆောင်ရွက်ပြီးစီးမှုနှင့် လမ်းခင်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၆-၇-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊စိုင်းညိုမင်း၊ တေးရေး-ဗိုလ်ကလေး တင့်အောင်)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၈း၁၀ ၇။ အတီးပြိုင်ပွဲ
- ၈း၂၅ ၈။ တေးဂီတအစီအစဉ်
- ၈း၄၀ ၉။ International News
- ၈း၄၅ ၁၀။ "ညှော်မယ်ဗျို့"
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ တေးဂီတအစီအစဉ်
- ၄း၂၅ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၄း၃၀ ၄။ နှောင်းခေတ်တေးပဒေသာ
- ၄း၄၀ ၅။ အကပြိုင်ပွဲ
- ၄း၄၅ ၆။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (စီးပွားရေးပညာအထူးပြု) (စီးပွားရေးပညာ)
- ၅း၀၀ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၁၀ ၈။ မြန်မာစာ၊ မြန်မာစကား
- ၅း၂၅ ၉။ တေးဂီတအစီအစဉ်
- ၅း၃၅ ၁၀။ "ရိုးသားဖြူစင် ကလေးတို့အသွင်"
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၃။ ရသစုံလင် အင်တာနက်ဥယျာဉ်
- ၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဆူးလွှမ်းသောချစ်နှင်းဆီ" (ဒုတိယတွဲ)(အပိုင်း-၁၇)**
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ ရွှေမြရံခြယ်[စိုးစန္ဒာထွန်းနှင့်အဖွဲ့၊ တေးရေး-မောင်မောင်အေး အလင်္ကာဝတ်ရည်)]
- ၁၉။ "လျှပ်တစ်ပြက်ဟာသများ"
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့နယ်နိမိတ်" (ပထမပိုင်း) (အပိုင်း-၄)**
- ၂၁။ သီချင်းချစ်သူ(D-ဖြိုး)
- ၂၂။ အစီအစဉ်ပြီး၏။

ဝန်ကြီး ဦးသိန်းဆွေအား အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၅

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး Dr. Villur Sundararajan Seshadri သည် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ မြန်မာနှင့် အိန္ဒိယ နှစ်နိုင်ငံအကြား ပို့ဆောင်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးစွာ ဆွေးနွေးကြသည်။

ယင်းသို့တွေ့ဆုံရာတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ပို့ဆောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဖေ၊ ရုံးအဖွဲ့မှူး ဦးဝင်းခန့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နေပြည်တော်လယ်ဝေးမြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၁၅

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၀ ရက်တွင် နေပြည်တော်လယ်ဝေးမြို့နယ် သပြေပင်ကျေးရွာ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ နေပြည်တော်ယာဉ်ထိန်းတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးတပ်ခွဲ(၁)မှ ခေတ္တတပ်ခွဲမှူး ရဲအုပ်တင်ဝင်းက နေပြည်တော်ခရိုင်အတွင်းဖြစ်ပွားခဲ့သည့် ယာဉ်မတော်တဆမှုများ၊ ဒဏ်ရာရသေဆုံးမှုအခြေအနေများနှင့် အပြည်ပြည်ဆိုင်ရာ ယာဉ်ထိန်းသိမ်းခြင်းနည်းစနစ်များကို ရှင်းလင်းဟောပြောသည်။

ဟောပြောပွဲသို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ သပြေပင်ကျေးရွာ ဥက္ကဋ္ဌနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြပြီး တက်ရောက်လာကြသူများအား နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လာရောက်တွေ့ဆုံ

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး Dr. Villur Sundararajan Seshadri လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဇူလိုင် ၁၄ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၂၀၁၀- ၂၀၁၁ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဌေးဝင်းက ငါးဘာသာဂုဏ်ထူးရှင် မောင်ကိုကိုလွင်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၃၁၄)

ချောက် GTI ကျောင်းသားဟောင်းများ စုပေါင်းလှူဒါန်းပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၅

ချောက် GTI ကျောင်းသားဟောင်းများ၏ စုပေါင်းလှူဒါန်းပွဲများကို မကွေးမြို့နှင့် ရန်ကုန်မြို့တို့တွင် ကျင်းပမည်ဖြစ်ရာ မကွေးမြို့အခြေစိုက် ကျောင်းသားဟောင်းများ၏ (၅)ကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၁၇ ရက် (စနေနေ့) နံနက် ၉ နာရီတွင် မြသလွန်ဘုရားရှေ့ရှိ ဝေဠုဝန်ကျောင်းတိုက်၌ လည်းကောင်း၊ ရန်ကုန်မြို့အခြေစိုက် ကျောင်းသားဟောင်းများ၏ (၂၂)ကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို ဩဂုတ် ၁ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း (၃)လမ်းမှတ်တိုင်အနီးရှိ အဘိဓမ္မာရတနာယရ ဓမ္မဗိမာန်တော်ကြီး၌ လည်းကောင်း အသီးသီးကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားသို့ သက်ဆိုင်ရာနယ်မြေတွင်းရှိ ကျောင်းသားဟောင်းများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဦးခင်မောင်ဝင်း ဖုန်း-၀၉-၅၃၄၀၄၉၅၊ ဦးခင်စိုး ဖုန်း-၀၉-၅၁၃၆၄၈၁၊ ဦးကြည်ဝင်း ဖုန်း-၀၉-၅၀၈၃၉၃၄နှင့် ဦးနိုင်လင်းအောင် ဖုန်း-၀၉-၅၀၅၀၆၇၉တို့ထံ ဆက်သွယ်မေးမြန်း လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။ (ကြေးမုံ)

ရန်ကုန် ဇူလိုင် ၁၅

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အနောက်ပိုင်းခရိုင်ရုံး (ကျောက်တံတား) စာကြည့်တိုက်၌ ဇူလိုင် ၉ ရက်က စေတနာအလှူရှင် နယ်လှည့်လက္ခဏာပညာရှင် ဒေါက်တာစံတင်အောင်

စာအုပ်စာပေ လှူမိတ်ဆွေ

စာကြည့်တိုက်ဖောင်ဒေးရှင်းသို့ ပရိဘောဂနှင့် စာအုပ်များလှူဒါန်း

(ရွှေဘို)က စာကြည့်တိုက်ဖောင်ဒေးရှင်းသို့ ပရိဘောဂနှင့် သုတစာအုပ်များ လှူဒါန်းပွဲကို ကျင်းပရာ ဒေါက်တာစံတင်အောင် (ရွှေဘို)၏ကိုယ်စား အောင်မြေစာပေတိုက် မန်နေဂျာ ဦးမြင့်ဝင်းက ငွေကျပ် ၁၂၅၀၀၀၀ တန်ဖိုးရှိသော စာအုပ်စင် ၁၈ စင်နှင့် ငွေကျပ် ၁၂၅၀၀၀၀ တန်ဖိုးရှိသော သုတစာအုပ် ၁၀၀၀ တို့ကို ပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက လက်ခံပြီး ဂုဏ်ပြုလက်မှတ်ပေးအပ်သည်။ **(အောက်ပုံ)** (ခရိုင်ပြန်/ဆက်)

☆ဆဋ္ဌအကြိမ်မှ

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရ ဦးမြင့်မောင်၊ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင်နှင့် တာဝန်ရှိသူများ၊ ပြည်နယ်၊ တိုင်းနှင့် ခရိုင်သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် မဟာဓမ္မိကာရာမ ပရိယတ္တိစာသင်တိုက် ကျိုက်ပိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဂုဏောသနက သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမာနိတသိရီဘိဝံသက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

ရှေးဦးစွာ အခမ်းအနားမှူး ဆရာတော်က အစည်းအဝေး စတင်ကျင်းပကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၏အရေအတွက်ကိုဖတ်ကြားလျှောက်ထားတင်ပြပြီး အစည်းအဝေးအထမြောက်ကြောင်း ကြေညာတော်မူသည်။

ထို့နောက် သဘာပတိဆရာတော်က အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာကို မြွက်ကြားတော်မူသည်။

(သဘာပတိဆရာတော်၏ အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာကို စာမျက်နှာ-၃တွင် ဖော်ပြထားပါသည်။)

ယင်းနောက် ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ)၏ စတုတ္ထအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲ၏ ကိုယ်စားတွဲဖက် အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဘဒ္ဒန္တနိမလက တင်သွင်းလျှောက်ထားသည်။

ဆက်လက်၍ ဝန်ကြီးသူရဦးမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ)၏ စတုတ္ထအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာကို အဖွဲ့ဝင်ဆရာတော်များက ကဏ္ဍအလိုက်တင်သွင်း လျှောက်ထားကြပြီး နံနက်ပိုင်းအစီအစဉ်များကို ခေတ္တရပ်နားသည်။

ယင်းနောက် အစည်းအဝေးကို မွန်းလွဲ ၁နာရီတွင် ပြန်လည်ကျင်းပရာ ဝိနိစ္ဆယရေးရာ၊သာသနာရေးရာနှင့် ပညာရေးရာကိစ္စရပ်များကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့-အဖွဲ့ဝင် ဆရာတော်များက ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ဆက်လက်၍ ဆဋ္ဌအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌဆရာတော် ရွေးချယ်မှု ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းပေးရန်ကိစ္စ၊ ဆဋ္ဌအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အထူးအစည်းအဝေး အစီအစဉ်များ အတည်ပြုရန်ကိစ္စ၊ မြန်မာနိုင်ငံနယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓသာသနာ ဗဟိုသာသနာနုဂ္ဂဟအသင်း ဩဝါဒါစရိယ ဆရာတော်ကြီးများ ဖွဲ့စည်းခြင်းကိစ္စ တင်ပြခြင်းအပေါ် ဆွေးနွေးဆုံးဖြတ်ရန်ကိစ္စ၊ ဆဋ္ဌအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အထူးအစည်းအဝေးသို့ တင်သွင်း၍ အတည်ပြုချက်ရယူမည့် သာသနာရေးဆိုင်ရာတင်လွှာကို အတည်ပြုရန်ကိစ္စ တင်ပြခြင်းအပေါ် ဆွေးနွေးဆုံးဖြတ်ရန်ကိစ္စနှင့် အစားထိုး ရွေးချယ်တင်မြှောက်ခြင်းခံရသော နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ၏ ဘွဲ့အမည်စာရင်းကို တင်သွင်း၍ အတည်ပြုချက်ရယူရန်ကိစ္စတို့ကို ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့-အဖွဲ့ဝင် ဆရာတော်များက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတော်မူကြကာ ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဧကာဒသမ အစည်းအဝေး ပထမနေ့ အစီအစဉ်များကို ရပ်နားလိုက်သည်။

ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဧကာဒသမ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများအား မန္တလေးတိုင်း မတ္တရာမြို့နယ် ကောက်ရိုးပုံကျေးရွာနေ ကျောင်းဒါယကာ ကျောင်းဒါယိကာမများဖြစ်ကြသော ဦးဖိုးသောင်း-ဒေါ်ခင်မြမြ မိသားစုတို့က တစ်နေ့တာ ဆွမ်းခဲဖွယ်၊ ဘောဇဉ်များကို ဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဧကာဒသမ အစည်းအဝေးကို ရန်ကန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာသဘင်၌ ကျင်းပစဉ်။ (သတင်းစဉ်)

တောင်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဇူလိုင် ၁၅

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ရခိုင်ပြည်နယ်နှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်း အောက်ပိုင်းတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ကချင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ- နေပြည်တော်(ဇလော)တွင် သုည ဒသမ ၁၉လက်မ၊ နေပြည်တော်တပ်ကုန်းတွင် သုညဒသမ ၁၆လက်မ၊ မချမ်းဘောမြို့တွင် ၅ ဒသမ ၃၉လက်မ၊ ပူတာအိုမြို့တွင် ၂ ဒသမ ၆၄ လက်မ၊ ကလေးဝမြို့တွင်၂ဒသမ ၀၅လက်မ၊ သာယာဝတီမြို့တွင် ၁ဒသမ ၃၄လက်မ၊ ဖျာပုံမြို့တွင် ၁ ဒသမ ၃၀ လက်မနှင့် ဘီးလင်းမြို့တွင် သုညဒသမ ၉၁ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

ဇူလိုင် ၁၆ ရက် ညနေထိခန့်မှန်းချက်။ ။ စစ်ကိုင်းတိုင်း အောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။

ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

ရန်ကုန်တိုင်း မိုးစပါးစိုက်ပျိုးစရိတ် ထုတ်ချေးပြီးစီး

ရန်ကုန် ဇူလိုင် ၁၅

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်ဘဏ်ခွဲ ၁၂ခု မှ မိုးစပါးစိုက်ပျိုးမည့် တောင်သူ ၁၁၅၁၄၁ဦးသို့ မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေကျပ် ၁၉၆၅၆ ဒသမ ၆၄ သန်းကို စိုက်ပျိုးချိန်အမီ တိုင်းလုံးကျွတ်ထုတ်ချေးပေးခဲ့ပြီဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

လှော်ကားဥယျာဉ် ဖိတ်ခေါ်သစ်ပင်စိုက်ပျိုးပွဲ

ရန်ကုန် ဇူလိုင် ၁၅

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနနှင့် ထူးထရေးဒင်းကုမ္ပဏီတို့ ပူးပေါင်းစီစဉ်သည့် ၂၀၁၀နိုင်ငံတကာ ဇီဝမျိုးစုံမျိုးကွဲနှစ်အထိမ်းအမှတ်အဖြစ် ဇူလိုင်လ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၁၇ရက်၊ ၁၈ရက်၊ ၁၉ရက်၊ ၂၄ရက်၊ ၂၅ရက်၊ ၂၆ရက်တို့တွင် နံနက် ၈နာရီမှ မွန်းတည့် ၁၂နာရီအထိ လှော်ကားသဘာဝဥယျာဉ်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတော်တွင် ဦးဆန်းလင်း၊ ဒေါ်သီတာလွင် မိသားစုနှင့် ထူးထရေးဒင်းကုမ္ပဏီတို့က တိရစ္ဆာန်စားပင်နှင့် အရိပ်ရပင်ပေါင်း ၂၀၀၀၀တို့ကို လှူဒါန်းမည်ဖြစ်သည်။

သစ်ပင်များကို အခမဲ့ရယူ၍ အသင့်တူးထားသည့် မြေကျင်းတွင် စိုက်ပျိုးမည်ဖြစ်ပြီး သစ်ပင်စိုက်ပျိုးသူအမည်ကို စိုက်ပျိုးသည့်အပင်တွင် ကတ်ပြားချိတ်ဆွဲပေးထားပြီး အပင်ကြီးသည့်အခါ ကမ္ပည်းစာတမ်းပြုလုပ်ပေး၍ ရာသက်ပန်ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း ဥတုရာသီတောကိုမှီသဖြင့် ရာသီဥတု ပြောင်းလဲလာစေရေးအတွက် သစ်ပင်များ ပါဝင်စိုက်ပျိုးကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူ ပုဇွန်တောင်မြို့နယ် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပသည့် အမက(၆) ပုဇွန်တောင်၌ ခရေပင်စိုက်ပျိုးပေးစဉ်။

(ကြေးမုံ)

ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲတွင် ရန်ကုန်တိုင်း ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကိုကို အဖွင့်အမှာစကားပြောကြားစဉ်။

(ကြေးမုံ)

ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်

ရန်ကုန် ဇူလိုင် ၁၅

ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် ကော်မရှင်အဖွဲ့ခွဲ့ကကြီးမှူး၍ လှိုင်မြို့နယ်အတွင်းရှိ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များအား ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲကို ဇူလိုင် ၁၁ ရက် နံနက် ၈ နာရီက လှိုင်မြို့နယ် အောင်ဓမ္မရိပ်သာလမ်း လှိုင်မင်္ဂလာခန်းမ၌ ကျင်းပရာ သင်တန်းဖွင့်ပွဲတွင် ရန်ကုန်တိုင်း ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌဦးကိုကိုက အဖွင့်အမှာစကားပြောကြားပြီး လှိုင်မြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်မြင့်က သင်တန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ရန်ကုန်အနောက်ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် လှိုင်မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်မြို့နယ် ဥပဒေအရာရှိတို့က ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ၊ ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းတာဝန်များ၊ မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်များကို ပရိုဂျက်တာများဖြင့်လည်းကောင်း၊ မဲရုံသရုပ်ပြပုံစံဖြင့်လည်းကောင်း ရှင်းလင်းဆွေးနွေးပို့ချကြသည်။

သင်တန်းဖွင့်ပွဲသို့ ရန်ကုန်အနောက်ပိုင်းခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်မိုးမြင့်နှင့် အဖွဲ့ခွဲအဖွဲ့ဝင်များ၊ လှိုင်မြို့နယ်အတွင်းရှိ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲများမှ သင်တန်းသား ၁၃၁ ဦး တက်ရောက်ကြသည်။

(ကြေးမုံ)

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်

ဇွန်လအတွင်း မူးယစ်ဆေးဝါးအမှု ၁၈၉ မှု တရားခံ ၃၁၇ ဦး ဖမ်းဆီးအရေးယူခဲ့

နေပြည်တော် ဇူလိုင် ၁၅

၂၀၁၀ခုနှစ် ဇွန်လအတွင်း တာဝန်ရှိသူများသည် မူးယစ်ဆေးဝါးအမှုပေါင်း ၁၈၉ မှု ဖမ်းဆီးနိုင်ခဲ့ပြီး ဘိန်း ၃၄မှု (အလေးချိန် ၂၃ ဒသမ ၃၀၇၈ ကီလိုဂရမ်)၊ ဘိန်းဖြူ ၄၆မှု (အလေးချိန် ၁ ဒသမ ၁၀၁၇ ကီလိုဂရမ်)၊ ဘိန်းဆီခဲခုနစ်မှု(အလေးချိန် ၀ ဒသမ ၉၉၀၈ ကီလိုဂရမ်)၊ အဆင့်နိမ့်ဘိန်း ၁၇မှု(အလေးချိန် ၇ဒသမ ၉၄၄၇ ကီလိုဂရမ်)၊ ဆေးခြောက် ၁၃ မှု (အလေးချိန် ၂ ဒသမ ၇၆၇၄ ကီလိုဂရမ်)၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၈မှု (၁၇၆၅၀၂ပြား)၊ ဘိန်းစာမှုန့်ခြောက်မှု (၈ ဒသမ ၀၁၃၂ ကီလိုဂရမ်)၊ ဘိန်းရည်နှစ်မှု (အလေးချိန် ၀ ဒသမ ၂၁၇ လီတာ)၊ အိုက်(စ်)တစ်မှု (အလေးချိန် ၀ ဒသမ ၉၅၅ ကီလိုဂရမ်)၊ ဆူဒိုအက်ဖီဒရင်းတစ်မှု (ဆေးပြား ၅၉၃၈၅၇ပြား)၊ အက်ဖီဒရင်းတစ်မှု (အလေးချိန်ခြောက်ကီလို၊ အယ်ပရာဇိုလမ် ၇၃ပြား)၊ နိုက်ထရစ်အက်စစ် (အလေးချိန် ၂၀ ဒသမ ၄၇၅ လစ်တာ)၊ မှတ်ပုံတင်ပျက်နှစ်မှု၊ အခြားအမှုတစ်မှုတို့ဖြစ်သည်။

အမှုပေါင်း ၁၈၉မှုတွင် တရားခံ ကျား ၂၄၄ဦးနှင့် မ ၇၃ဦး စုစုပေါင်း ၃၁၇ဦးတို့ကို ဖမ်းဆီးအရေးယူခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကမ္ဘာ့ဖလားချန်ပီယံ မှန်ကန်စွာရွေးချယ်နိုင်သူများထဲမှ ကံထူးရှင် အယောက် ၃၀အား ပထမဆု ၃၂လက်မ LCD TV၊ ဒုတိယဆု ကျပ်နှစ်သိန်းတန် ဈေးဝယ်ခွင့်လက်မှတ်၊ တတိယဆု ကျပ်တစ်သိန်းတန် ဈေးဝယ်ခွင့် လက်မှတ်နှင့် နှစ်သိမ့်ဆုများအဖြစ် Moon အမှတ်တံဆိပ်ထမင်းပေါင်းအိုး၊ ပန်ကာ၊မီးပူနှင့် အခြားပစ္စည်းများအား ကမ္ဘာအေးစေတီလမ်းရှိ ဂမုန်းပွင့် Shopping Mall ၌ ဇူလိုင်၁၃ရက်က ကံစမ်းမဲ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဦးစိုးသိန်းအား အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၅

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး ဒေါက်တာဗီလာဆွန်ဒါရာရာဂျမ်ရှေရှာဒရီသည် ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးနှင့် နည်းပညာအထောက်အပံ့ ပေးရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော် ဇူလိုင် ၁၅

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပျားလုပ်ငန်းဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်သန်းအား ယင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ရေလုပ်ငန်း ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ထူးချွန်ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်

ရန်ကုန် ဇူလိုင် ၁၅

၂၀၀၉-၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းသားသမီးများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက မြို့တော်ခန်းမ ပထမထပ်ခန်းမကြီး၌ ကျင်းပရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

အခမ်းအနားသို့ မြို့တော်ဝန်၊ ဇနီး ဒေါက်တာဒေါ်ခင်ဆန်းနွယ်၊ ဒုတိယမြို့တော်ဝန်၊ ဇနီး ဒေါ်ခင်ညွန့်မြိုင်၊ အတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုးနှင့် ကော်မတီဝင်များ၊ ဌာနမှူးများ၊ ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများ၊ မိဘများတက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့တော်ဝန်က ခြောက်ဘာသာဂုဏ်ထူးရှင် မကြည်စင်ရွှန်းလဲ့အား ဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

ဆက်လက်၍ မြို့တော်ဝန်နှင့် ဇနီး၊ ဒုတိယမြို့တော်ဝန်နှင့် ဇနီး၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များက ငါးဘာသာဂုဏ်ထူးရှင်သုံးဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၁ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၁ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ကိုးဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၃၁ ဦးတို့အား ဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြောင်းသိရသည်။ (၁၉)

ရန်ကုန်မြို့တော်ဝန်က ၂၀၀၉-၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ခြောက်ဘာသာ ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် မကြည်စင်ရွှန်းလဲ့အား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာတို့ကို ပေးအပ်ချီးမြှင့်စဉ်။ (၁၉)

ရန်ကုန်တိုင်း သုံးခွမြို့နယ်၌ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်း ဖွင့်လှစ်

နေပြည်တော် ဇူလိုင် ၁၅

ရန်ကုန်တောင်ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲက ကြီးမှူး၍ သုံးခွမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များအား ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်း သင်တန်းဖွင့်ပွဲကို ဇူလိုင် ၁၀ ရက် နံနက် ၈ နာရီခွဲတွင် သုံးခွမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ ရန်ကုန်တောင်ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြတ်စိုးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တောင်ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ သုံးခွမြို့နယ် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးဇော်ဝိတ်နှင့် အဖွဲ့ခွဲ အဖွဲ့ဝင်တို့က ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ၊ ကော်မရှင်အဖွဲ့ခွဲလုပ်ငန်းတာဝန်များ၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းဆွေးနွေးပို့ချကြပြီး မဲရုံသရုပ်ပြရှင်းလင်းပွဲ ကျင်းပသည်။

အဆိုပါသင်တန်းသို့ သုံးခွမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင် ၄၀၆ ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၄၁)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်း ဘတ်စကက်ဘောပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဇူလိုင် ၁၅

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော (၄၁)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်း ဘတ်စကက်ဘော ပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ၏ အမျိုးသမီးအုပ်စု ပတ်လည်ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းက ရှမ်းပြည်နယ်(မြောက်ပိုင်း)ကို ၁၁၁ မှတ်- ၄၀ မှတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းက မန္တလေးတိုင်းကို ၆၀ မှတ်- ၄၅ မှတ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)က ဧရာဝတီတိုင်းကို ၆၉ မှတ်- ၃၇ မှတ်ဖြင့်လည်းကောင်း အနိုင်ရရှိသွားကြသည်။

အမျိုးသားပြိုင်ပွဲ၏ ကွာတားဖိုင်နယ်ပြိုင်ပွဲတွင် မန္တလေးတိုင်းက ကယားပြည်နယ်ကို ၉၀ မှတ်- ၄၃ မှတ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)က ကချင်ပြည်နယ်ကို ၇၃ မှတ် -၃၁ မှတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းက ကချင်ပြည်နယ်ကို ၆၆ မှတ်-၅၃ မှတ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)က စစ်ကိုင်းတိုင်းကို ၁၀၄ မှတ်- ၆၄ မှတ်ဖြင့် လည်းကောင်း အနိုင်ရရှိသွားကြပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားကြသည်။

ပြိုင်ပွဲ၏ အကြိုဗိုလ်လုပွဲများကို ဇူလိုင် ၁၆ ရက် နံနက် ၉ နာရီမှစတင်၍ ယင်းအားကစားပြိုင်ပွဲရုံ၌ပင် ဆက်လက်ကျင်းပမည်ဖြစ်ရာ အမျိုးသမီးပြိုင်ပွဲ၏ ပထမအကြိုဗိုလ်လုပွဲ-ပွဲစဉ်၌ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်း၊ ဒုတိယအကြိုဗိုလ်လုပွဲ-ပွဲစဉ်၌ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရန်ကုန်တိုင်း၊ အမျိုးသားပထမအကြိုဗိုလ်လုပွဲ-ပွဲစဉ်၌ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် မန္တလေးတိုင်း၊ ဒုတိယအကြိုဗိုလ်လုပွဲ-ပွဲစဉ်၌ ရန်ကုန်တိုင်းနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ (သတင်းစဉ်)

(၄၁) ကြိမ်မြောက် ပြည်နယ်နှင့် တိုင်း ဘတ်စကက်ဘော ပြိုင်ပွဲ၏ အမျိုးသား ကွာတားဖိုင်နယ် ပြိုင်ပွဲ-ပွဲစဉ်တွင် မန္တလေးတိုင်းနှင့် ကယားပြည်နယ် တို့ ယှဉ်ပြိုင် ကစားကြစဉ်။

(ဘတ်စကက်ဘောအဖွဲ့ချုပ်)

ရှင်းလင်းပြောကြား

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင်များအား ရွေးကောက်ပွဲ ဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲတွင် ရန်ကုန်တောင်ပိုင်းခရိုင် ကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမြတ်စိုး ရှင်းလင်းပြောကြားစဉ်။

(ခရိုင်ကော်မရှင်)

တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား၊ ကျောင်းသူများအား အထက သိမ်ဆိပ်၌ ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၅

၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုနှင်းသဘင်အခမ်းအနားကို ဇူလိုင် ၉ ရက်က သထုံမြို့နယ် သိမ်ဆိပ်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း သိမ်ဆိပ်စွယ်တော်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ သထုံခရိုင် ခရိုင်ပညာရေးမှူး ဦးကျော်အောင်၊ ကျောင်းအုပ်ဆရာကြီး ဦးထွန်းအောင်၊ မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်များ၊ အထက၊ အလက၊ မူလွန်ကျောင်းများမှ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများ၊ ဆရာ၊ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသားမိဘများနှင့် ဆုရကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ပြီး ဓမ္မဒူတ ဆရာတော်ဒေါက်တာအရှင်ဆေကိန္ဒက လေးဘာသာဂုဏ်ထူးရှင် မကေခိုင်ဝင်းအား ဂုဏ်ပြုဆုငွေ ကျပ် ၁၀၀၀၀၀ ချီးမြှင့်ရာ ဆရာတော်ကိုယ်စား ကျောင်းအကျိုးတော်ဆောင် ဦးဝင်းရွှေက ဆုချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ (ကြေးမုံ)

ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မိုးရာသီ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဇူလိုင် ၁၀ ရက်နှင့် ၁၁ ရက်များတွင် ကျောက်တံခါး အထက၊ ဈေးပိုင်း အမကကျောင်းများနှင့် ပတ်ဝန်းကျင်၊ ရုံးပေါင်းစုံလမ်းနှင့် ကျောက်တံခါးမြို့ စည်ပင်သာယာရေးဈေးကြီးအတွင်း အဖွဲ့ပိုင်ခြင်ဆေးဖျန်းစက်ဖြင့် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ဇူလိုင် ၁၁ ရက်က ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးကြည် ကျောက်ဖြူမြို့ မြို့မစည်ပင်သာယာဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ ကျောက်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းလင်းထွန်း ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၅

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှု၊ ဧရာဝတီခေတ်မီငါးသားဖောက်လုပ်ငန်း၏ ကူညီပံ့ပိုးမှုတို့ဖြင့် ဇူလိုင် ၁၇ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ မိုးလေဝသနှင့် ဇလဗေဒပညာရှင် ဒေါက်တာထွန်းလွင်(ငြိမ်း)က "၂၀၁၀ လာနီညာ ရာသီဥတုဖြစ်နိုင်ခြေအပေါ် သုံးသပ်ချက်" ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်၍ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❑ ရှေ့ဖုံးမှ

ဆည်၊ ကန်၊ တမံပေါင်း ၂၃၂ ခုနှင့် အကျိုးပြုဧရိယာ ၂၈၂၇၀၇၆ ဧက ရှိခဲ့ပေပြီ။

ထို့အတူ ယခင်က မရှိခဲ့သည့် မြစ်ရေတင်နှင့် မြေအောက်ရေ လုပ်ငန်း၊ ချောင်းမြောင်းတမံ ပိတ်ဆို့မှု လုပ်ငန်းများကိုလည်း ၁၉၈၈ ခုနှစ်မှ ယခု ၂၀၁၀ ခုနှစ် အထိ ဆောင်ရွက်ပေးခဲ့ရာတွင် မြစ်ရေတင်လုပ်ငန်းပေါင်း ၃၂၂ခုမှ အကျိုးပြုဧရိယာ ၄၆၇၀၂၈ ဧက နှင့် မြေအောက်ရေ ရရှိရေးလုပ်ငန်း ပေါင်း ၈၀၁၂ ခုမှ အကျိုးပြုဧရိယာ ၉၈၃၃၅ ဧက၊ ချောင်းမြောင်းတမံ ပိတ်ဆို့မှုလုပ်ငန်းမှ အကျိုးပြု ဧရိယာ ၁၈၄၅၇၀ ဧကကို ရေပေး ဝေနိုင်ခဲ့ပြီဖြစ်သည်။ စိုက်ပျိုးမြေ ဧရိယာများကိုလည်း တိုးချဲ့ခဲ့ရာတွင် ၁၉၈၈ ခုနှစ်က စိုက်ပျိုးမြေဧက ၂၃ ဒသမ ၈ သန်းသာရှိခဲ့ရာမှ ယခု အခါ ၅၃ ဒသမ ၁ သန်းအထိ တိုးတက်ဆောင်ရွက်နိုင်ခဲ့သည်။

စပါးစိုက်ပျိုးမှု

ဆန်ကို အဓိကထားစားသုံးသည့် မြန်မာနိုင်ငံတွင် စားရေးအတွက် အဓိကဖြစ်သည့်အတွက် မဟာ ဗျူဟာသီးနှံအဖြစ် တင်စားခေါ်ဝေါ် ရသည့် စပါးစိုက်ပျိုးထုတ်လုပ်မှု တွင် ၁၉၈၈ ခုနှစ်က စပါးတင်း သန်း ၆၃၀ သာ ထွက်ရှိခဲ့ရာမှ လက်ရှိအခြေအနေတွင် စပါးတင်း သန်းပေါင်း ၁၅၆၀ ကျော် ထွက်ရှိခဲ့ သကဲ့သို့ ယခု၂၀၁၀-၂၀၁၁ စိုက်ပျိုး ရာသီတွင်လည်း စပါးတင်းသန်း ပေါင်း ၁၆၂၅ ထွက်ရှိရေးအတွက် ရည်မှန်းချက်ထား ဆောင်ရွက် လျက်ရှိရာ ဤနှစ် စပါးပေါ်ချိန် တွင် တောင်သူတို့ပြုံးပျော်၍ နိုင်ငံ တော်လည်း အောင်ပွဲဆင်နိုင်ပေ ဦးမည်။

ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှု တွင်လည်း ၁၉၈၈ ခုနှစ်က စိုက် ဧက ၁ ဒသမ ၈ သန်း၊ တန်ချိန် ၁၇၀၀၀၀ သာ ထွက်ရှိခဲ့ရာမှ ယခု အခါ စိုက်ဧက ၁၀ ဒသမ ၅၇ သန်းကျော်၊ တန်ချိန် ၄၉ ဒသမ ၇၅ သိန်းအထိ ထုတ်လုပ်နိုင်ခဲ့ရာ ဒေသတွင်း ပဲအများဆုံး တင်ပို့နိုင် သည့် နိုင်ငံအဖြစ် ရပ်တည်လာနိုင် ခဲ့ပြီး ကမ္ဘာ့အဆင့်တွင်မူ ဩစတြေး လျနိုင်ငံပြီးလျှင် ဒုတိယအများဆုံး တင်ပို့ထုတ်လုပ်နိုင်သည့် နိုင်ငံ အဖြစ် ရပ်တည်နိုင်ခဲ့ပြီဖြစ်သည်။ ယခုအခါ မတ်ပဲသီးနှံ တစ်ဧကေ တင်း ၂၀ နှုန်း၊ ပဲတီစိမ်း တစ်ဧက တင်း ၂၀ နှုန်း၊ ပဲစင်းငုံ တစ်ဧက ၂၅ တင်းနှုန်း ပန်းတိုင် အထွက် နှုန်းများရရှိရန် မျိုးကောင်းမျိုးသန့် များ ရွေးချယ်စိုက်ပျိုးခြင်း၊ ဒေသ အလိုက် သီးနှံပုံစံပြောင်းလဲခြင်း တို့ဖြင့် ကြိုးပမ်းလျက်ရှိသည်။ လက်ရှိ ပဲတီစိမ်းနှင့် မတ်ပဲမှာ တစ်ဧက ပျမ်းမျှ ၁၅ တင်း ထွက်ရှိ နေပြီဖြစ်ကြောင်း သိရသည်။ ထိုသို့ ပဲစိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်းမှု ကြောင့် ပဲစိုက်တောင်သူတို့၏ ကျေးရွာများတွင် အိမ်ကြီး အိမ် ကောင်းများ၊ ဆိုင်ကယ်များ၊ ထော် လာဂျီများ၊ TV များ စသည်တို့ လူမှုစီးပွားဘဝ မြင့်မားလျက် အောင်မြင်မှုအသီးအပွင့်တို့ကို ခံစား ခဲ့ကြရပေပြီ။

သုံးသီးထိစိုက်နိုင်

ယခင်က စပါးစိုက်ပျိုးရန် တွေးပင်မတွေးနိုင်၊ ငေးမှိုင်ခဲ့ကြရ သည့် အထက်အညာဒေသအချို့ တွင်လည်း နိုင်ငံတော်အကြီးအကဲ ၏ အမြော်အမြင်ကြီးစွာဖြင့် လမ်းညွှန်မှုအရ ဆည်တာတမံများ၊ မြစ်ရေတင်စီမံကိန်းများ တည် ဆောက်ပေးခဲ့ရာ ယခင်က ရေမလာ မြေဗလာဖြစ်ခဲ့သော ဒေသများတွင် နွေစပါး၊ မိုးစပါးတို့ ဝေဖြာလျက် ဝမ်းစာဖူလုံခဲ့ပေပြီ။ ရေမြေ ရာသီ ဥတုနှင့် ကိုက်ညီသည့်ဒေသတို့တွင် မိုးဦးကာလ၌ စောစောစိုက်၊ စောစောရိတ်ပြီး၊ မိုးလယ်တွင် နောက်တစ်သီး ပြန်စိုက်ရသည့် တစ်မိုးနှစ်သီးအပါအဝင် သုံးသီး အထိ စိုက်ပျိုးနိုင်ကြပေပြီ။ အချို့ ဒေသများတွင်မူ နွေစပါး၊ မိုးစပါး နှင့် ဆောင်းသီးနှံအပါအဝင် တစ်နှစ် ကို သုံးသီးအထိ စိုက်ပျိုးနိုင်ကြပြီ ဖြစ်သည်။ ဆန်စပါးတင်ပို့ရောင်းချ နိုင်မှုအနေဖြင့် ၁၉၈၈-၈၉ ခုနှစ်က မက်ထရစ်တန် ထောင်ပေါင်း ၄၇ ဒသမ ၈ သာတင်ပို့ နိုင်ခဲ့သော် လည်း ၂၀၀၉-၂၀၁၀ ခုနှစ်တွင် မက်ထရစ်တန်ထောင်ပေါင်း ၈၁၈ ဒသမ ၁ အထိ ပြည်ပသို့ ပိုမို တင်ပို့ရောင်းချနိုင်ခဲ့သည်။ ထိုသို့ တင်ပို့ရာတွင် ပြည်တွင်း၌ စားသုံးမှု ဖူလုံပြီး ပိုလျှံမှုသာ ပြည်ပသို့ ရောင်းချခွင့်ပြုခဲ့ခြင်းဖြစ်သည်။

များစွာသာလွန်

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး လုပ်ငန်းကဏ္ဍနှင့် ပတ်သက်၍ ၁၉၈၈ ခုနှစ် အခြေအနေများနှင့် လက်ရှိကာလ အခြေအနေများကို နှိုင်းယှဉ်ကြည့်ပါက လက်ရှိဖွံ့ဖြိုး တိုးတက်မှု အခြေအနေများက များစွာသာလွန်နေသည်ကို တွေ့ရ မည်ဖြစ်သည်။ စက်မှုသီးနှံမှ ဆီအုန်းအနေဖြင့် ယခင်က စိုက် ပျိုးဧက ၁၈၄၉၃ နှင့် ထွက်ကုန် တန်ထောင်ပေါင်း ၈ ဒသမ ၀၆ သာရှိခဲ့ရာမှ ယခုအခါ စိုက်ပျိုးဧက ၂၇၇၁၂၀ ဧကနှင့် ထွက်ကုန်တန် ထောင်ပေါင်း ၂၄၅ အထိ တိုးတက် လာခဲ့သည်။ လက်ဖက်အနေဖြင့် ယခင်က စိုက်ပျိုးဧက ၁၄၃၇၄၆ နှင့် ထွက်ကုန်ပိသာထောင်ပေါင်း ၂၉၉၁၈ သာရှိခဲ့ရာမှ လက်ရှိ အခြေအနေတွင် စိုက်ပျိုးဧက ၂၂၉၅၇၇ နှင့် ထွက်ကုန်ပိသာ ထောင်ပေါင်း ၅၇၆၄၃ အထိ လည်းကောင်း၊ ကော်ဖီအနေဖြင့် ယခင်က စိုက်ပျိုးဧက ၃၃၈၁၁ နှင့် ထွက်ကုန်ပိသာထောင်ပေါင်း ၉၆၁ သာရှိခဲ့ရာမှ ယနေ့အခါ စိုက်ပျိုး ဧက ၆၀၂၂၁ နှင့် ထွက်ကုန် ပိသာထောင်ပေါင်း ၄၃၇၄ အထိ လည်းကောင်း၊ ချက်ကြံအနေဖြင့် ယခင်က စိုက်ပျိုးဧက ၁၂၃၂၂၇ နှင့် ထွက်ကုန်တန်ထောင်ပေါင်း ၂၁၆၁ သာရှိခဲ့ရာမှ ယနေ့ကာလ တွင် စိုက်ပျိုးဧက ၃၉၅၆၅၃ နှင့်

သားငါးဖွံ့ဖြိုးမှုအတွက် ငါး များကို မွေးမြူရေးစနစ် ကျန စွာဖြင့် မွေးမြူကြစဉ်။

ထွက်ကုန်တန်ထောင်ပေါင်း ၉၅၆၁ အထိ လည်းကောင်း၊ ဝါအနေဖြင့် စိုက်ပျိုးဧက ၄၄၃၁၈၀ နှင့် ထွက်ကုန် ပိသာထောင်ပေါင်း ၃၆၉၁၅ သာ ရှိခဲ့ရာမှ လက်ရှိတွင် စိုက်ပျိုးဧက ၈၈၈၁၁၈ နှင့် ထွက်ကုန်ပိသာ ထောင်ပေါင်း ၃၂၀၂၉၃ အထိ လည်းကောင်း၊ ရော်ဘာအနေဖြင့် ယခင်က စိုက်ပျိုးဧက ၁၉၁၉၁၆ နှင့် ထွက်ကုန်ပေါင်ထောင်ပေါင်း ၃၁၆၉၅ သာရှိခဲ့ရာမှ ယခုအခါ စိုက်ပျိုးဧက ၁၁၄၃၇၁၂နှင့်ထွက်ကုန် ပေါင်ထောင်ပေါင်း ၂၄၇၀၉၁ အထိ လည်းကောင်း စိုက်ပျိုးမှုရော ထုတ်လုပ်မှုပါ မနှိုင်းယှဉ်သာအောင် မြင့်မားတိုးတက်လာခဲ့သည်ကို တွေ့ နိုင်သည်။

ဆီထွက်သီးနှံများကိုကြည့်လျှင် လည်း မြေပဲကို ယခင်က စိုက်ပျိုး ဧက ၁၃၅၅၂၀၁ နှင့် ထွက်ကုန်တင်း ထောင်ပေါင်း ၃၈၆၄၁ သာရှိခဲ့ရာမှ ယခုအခါ စိုက်ပျိုးဧက ၂၁၄၁၀၉၅

စပါးခင်းကြီး

ဆည်တမံများ၏ ရေပေးဝေ မှုဖြင့် အောင်မြင်ဖြစ်ထွန်းနေ သော စပါးခင်းကြီးကို တွေ့ရ စဉ်။

နှင့် ထွက်ကုန်တင်း ထောင်ပေါင်း ၁၂၀၁၁၃ အထိ လည်းကောင်း၊ နှမ်းအနေဖြင့် ယခင်က စိုက်ပျိုး ဧက၂၉၉၄၃၇၂ နှင့် ထွက်ကုန်တင်း ထောင်ပေါင်း ၅၉၁၃ သာရှိခဲ့ရာမှ လက်ရှိကာလတွင် စိုက်ပျိုးဧက ၄၀၃၈၄၇၇ နှင့် ထွက်ကုန်တင်း ထောင်ပေါင်း ၃၅၂၃၉ အထိ လည်းကောင်း၊ နေကြာအနေဖြင့် ယခင်က စိုက်ပျိုးဧက ၅၂၃၅၆၂ နှင့် ထွက်ကုန်တင်းထောင်ပေါင်း ၈၈၇၁ သာရှိခဲ့ရာမှ ယနေ့အထိ စိုက်ပျိုးဧက ၂၁၈၁၇၈၀ နှင့် ထွက်ကုန် တင်းထောင်ပေါင်း ၅၃၈၇၅ အထိ လည်းကောင်း၊ မုန်ညင်းအနေဖြင့် ယခင်က စိုက်ပျိုးဧက ၄၃၁၉၄ နှင့် ထွက်ကုန်တင်းထောင်ပေါင်း ၃၂၁ သာရှိခဲ့ရာမှ လက်ရှိအခြေအနေ တွင် စိုက်ပျိုးဧက ၂၄၆၇၄၇ နှင့် ထွက်ကုန်တင်းထောင်ပေါင်း ၃၃၁၁ အထိ လည်းကောင်း၊ ပန်းနှမ်း အနေဖြင့် ယခင်က စိုက်ပျိုးဧက ၉၅၈၃၇ နှင့် ထွက်ကုန်တင်း ထောင်ပေါင်း ၃၃၉ သာရှိခဲ့ရာမှ ယနေ့ကာလတွင် စိုက်ပျိုးဧက ၃၈၅၃၄၆ နှင့် ထွက်ကုန်တင်း ထောင်ပေါင်း ၄၀၀၅ အထိ လည်းကောင်း အသီးသီးတိုးမြှင့် စိုက်ပျိုး ထုတ်လုပ်နိုင်ခဲ့သည်ကို လေ့လာတွေ့ရှိနိုင်သည်။

နှံစားသီးနှံ

နှံစားသီးနှံကဏ္ဍတွင် စပါးအနေ ဖြင့် ယခင်က စိုက်ပျိုးဧက ၁၁၈၀၇၁၆၀ နှင့် ထွက်ကုန်တင်း ထောင်ပေါင်း ၆၃၀၉၂၅ သာရှိခဲ့ရာမှ ယခုအခါ စိုက်ပျိုးဧက ၁၉၉၃၂၇၀၂ နှင့် ထွက်ကုန်တင်း ထောင်ပေါင်း ၁၅၆၁၉၄၈ အထိ လည်းကောင်း၊ အစေ့ထုတ်ပြောင်းအနေဖြင့် ယခင် က စိုက်ပျိုးဧက ၃၄၀၆၄၅ နှင့် ထွက်ကုန်တင်းထောင်ပေါင်း ၇၇၃၅ သာရှိခဲ့ရာမှ ယနေ့အခါ စိုက်ပျိုး ဧက ၈၉၆၅၀၁ နှင့် ထွက်ကုန်တင်း ထောင်ပေါင်း ၄၉၉၁၈ အထိ လည်းကောင်း တိုးတက်စိုက်ပျိုး ထုတ်လုပ်နိုင်ခဲ့သည်။

ဟင်းမွှေးပင်သီးနှံမှ ငရုတ်ကောင်း အနေဖြင့် ယခင်က စိုက်ပျိုးဧက ၈၅၉ နှင့် ထွက်ကုန်ပိသာ ထောင်ပေါင်း ၁၃၁ သာရှိခဲ့ရာမှ လက်ရှိကာလတွင် စိုက်ပျိုးဧက ၁၁၃၅၃၅ နှင့် ထွက်ကုန်တင်း ထောင်ပေါင်း ၁၁၅၈၆၁ အထိ တိုးတက်လာခဲ့သည်။

စက်မှုသီးနှံ

နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေး လုပ်ငန်းများ ဆက်လက်ဖွံ့ဖြိုး တိုးတက်စေရန်အတွက် ၂၀၁၀- ၂၀၁၁ ခုနှစ်တွင် စက်မှုသီးနှံများ ဖြစ်သည့် ဆီအုန်း၊ လက်ဖက်၊ ကော်ဖီ၊ ချက်ကြံ၊ ဝါနှင့် ရော်ဘာ စိုက်ခင်းများကို ဧကပေါင်း ၃၁၂၉၉၅၆ အထိ လည်းကောင်း၊ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ မုန်ညင်းနှင့် ပန်းနှမ်း စိုက်ခင်းများကို ဧကပေါင်း ၉၁၁၀၈၉၄ အထိ လည်းကောင်း၊

နှံစားသီးနှံများဖြစ်သည့် စပါးနှင့် အစေ့ထုတ်ပြောင်းစိုက်ခင်းများကို ဧကပေါင်း ၂၁၄၀၉၆၇၁ အထိ လည်းကောင်း၊ ဟင်းမွှေးပင်သီးနှံ ဖြစ်သည့် ငရုတ်ကောင်းစိုက်ခင်းကို ဧကပေါင်း ၁၁၅၈၆၁ အထိ လည်း ကောင်း တိုးချဲ့စိုက်ပျိုးထုတ်လုပ် သွားမည်ဖြစ်သည်။

နှစ်ရှည်သီးနှံ

နှစ်ရှည်သီးနှံ ကဏ္ဍတွင်လည်း ရွှေဖြူဟု တင်စားခေါ်ဝေါ်ကြသည့် ရော်ဘာကို ရာသီဥတုနှင့် ကိုက်ညီ သည့် ဒေသအသီးသီး၌ စိုက်ပျိုးခဲ့ ရာတွင် တစ်နိုင်ငံလုံးအတိုင်းအတာ နှင့် ၁၉၈၈ ခုနှစ် မတိုင်မီက ရော်ဘာစိုက်ဧက ၁၉၁၉၁၆ ဧကသာ ရှိခဲ့ရာမှ လက်ရှိကာလတွင် ရာဘာ စိုက်ဧက ၁၁၄၃၇၁၂ ဧကအထိ

ငါးမွေးမြူရေးကန်များမှ ထွက် ဈေးများနှင့် ကော်မတီပိုင် အရောင်း စွာဖြင့် ရောင်းချပေးလျက်ရှိရာ ကုန် အတွက် တစ်ဖက်တစ်လမ်းမှ အထ

ချင်းပြည်နယ်သည် လက်ဖက်ပြည်နယ်ဖြစ်ရမည်ဟု ဆောင်ပုဒ်နှင့်အညီ မင်းတပ်ခရိုင်အတွင်း လက်ဖက်ပင်များအား ဤသို့ စိုက်ပျိုးထားသည်ကို တွေ့ရစဉ်။

နှံစားသီးနှံများဖြစ်သည့် စပါးနှင့် အစေ့ထုတ်ပြောင်းစိုက်ခင်းများကို ဧကပေါင်း ၂၁၄၀၉၆၇၁ အထိ လည်းကောင်း၊ ဟင်းမွေးပင်သီးနှံဖြစ်သည့် ငရုတ်ကောင်းစိုက်ခင်းကို ဧကပေါင်း ၁၁၅၈၆၁ အထိ လည်းကောင်း တိုးချဲ့စိုက်ပျိုးထုတ်လုပ်သွားမည်ဖြစ်သည်။

နှစ်ရှည်သီးနှံ

နှစ်ရှည်သီးနှံ ကဏ္ဍတွင်လည်း ရွှေဖြူဟု တင်စားခေါ်ဝေါ်ကြသည့် ရော်ဘာကို ရာသီဥတုနှင့် ကိုက်ညီသည့် ဒေသအသီးသီး၌ စိုက်ပျိုးခဲ့ရာတွင် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ၁၉၈၈ ခုနှစ် မတိုင်မီက ရော်ဘာစိုက်ဧက ၁၉၁၉၁၆ ဧကသာ ရှိခဲ့ရာမှ လက်ရှိကာလတွင် ရာဘာစိုက်ဧက ၁၁၄၃၇၁၂ ဧကအထိ တိုးတက် စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ပြီဖြစ်သည်။

ထို့ပြင် ရော်ဘာပင်တန်းကြားများ၌ ဝင်ငွေရ ကြားသီးနှံများဖြစ်သည့် ပဲမျိုးစုံ၊ ဖရဲ၊ 'ဝ'ဥနှင့် ပိန်း အပါအဝင် ဟင်းသီးဟင်းရွက်များကိုလည်း အောင်မြင်ဖြစ်ထွန်းစွာ စိုက်ပျိုးနိုင်ခဲ့ကြရာ စိုက်ပျိုးသူများအနေဖြင့် နှစ်ရှည်ရော်ဘာစိုက်ပျိုးမှုကုန်ကျစရိတ်ကိုကာမိပြီး အကျိုးအမြတ် ပိုမိုဖြစ်ထွန်းခဲ့ကြသည်။

ဝါစိုက်ပျိုးရေးကိုပြန်ကြည့်ပါက ငွေချည်(၆) ချည်မျှင်ရှည်ဝါ စိုက်ပျိုးမှုက အထွက်နှုန်းမြင့်မားသည့်အတွက် အောင်မြင်ဖြစ်ထွန်းခဲ့ကြရာ ဝါစိုက်တောင်သူများအနေဖြင့် လက်ဖျားရွှေသီးခဲ့ကြရပြီဖြစ်သည်။ အဆိုပါ ငွေချည်(၆) ဝါအမျိုးအစားသည် ဝါထွက်နှုန်းမြင့်မားခြင်း၊ ဂွမ်းမွေးအရည်အသွေးကောင်းမွန်ခြင်း၊ ဂွမ်းထွက်နှုန်း-ဂွမ်းထွက်အောင်တန်းကောင်းမွန်ခြင်း၊ မိုးကြို၊ မိုးနှောင်း ရာသီမရွေး စိုက်ပျိုးနိုင်ခြင်း၊ လက်ရှိ ဝါစိုက်ပျိုးသည့် ဒေသအားလုံး၌ စိုက်ပျိုးဖြစ်ထွန်းပြီး ကျယ်ပြန့်သောဒေသနှင့် ကိုက်ညီမှုရှိခြင်း၊ ရာသီဥတုဒဏ်ခံနိုင်ခြင်း၊ ဝါအရည်အသွေးအတန်းအစား ပိုမိုကောင်းမွန်သဖြင့် ဈေးနှုန်းပိုမိုရရှိခြင်း၊ စိုက်ပျိုးပြီးချိန်မှစ၍ ဝါအထွက်နှုန်း ကောင်းရန်နှင့် အကျိုးအမြတ်ရရှိရန် သေချာခြင်း စသည့် ထူးခြားသောအရည်အချင်းနှင့် လက္ခဏာများကြောင့် ယင်းဝါအမျိုးအစားကို ဝါစိုက်တောင်သူတို့ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလာခဲ့ကြသည်။

ငွေချည်(၆)

၂၀၀၆-၂၀၀၇ ခုနှစ် စိုက်ပျိုးရာသီ၌ ငွေချည်(၆)ချည်မျှင်ရှည်ဝါ ၆၄၈ ဧကသာ စိုက်ပျိုးခဲ့ရာမှ အထက်ပါ ထူးခြားသည့် အရည်အချင်း လက္ခဏာများကြောင့် ဝါစိုက်တောင်သူများကြားတွင် အချိန်တိုအတွင်း ရေပန်းစားလာခဲ့ပြီး ၂၀၀၇-၂၀၀၈ စိုက်ပျိုးရာသီတွင် ၂၁၄၄၉ ဧက၊ ၂၀၀၈-၂၀၀၉ ခုနှစ် စိုက်ပျိုးရာသီတွင် ၂၆၀၃၉၉ ဧကနှင့် ယခု ၂၀၀၉-၂၀၁၀ စိုက်ပျိုးရာသီတွင် ၆၆၁၄၁၃ ဧကအထိ တစ်နှစ်ထက် တစ်နှစ် အမြောက်အမြား တိုးတက်စိုက်ပျိုးလာခဲ့ကြပေသည်။

အခြားဝါမျိုးများကမူ တစ်ဧကမှ ပန်းတိုင်အထွက်နှုန်း ပိဿာ ၃၀၀၊ ၄၀၀ သာ ထွက်ရှိပြီး ငွေချည်(၆) ဝါအနေဖြင့် တစ်ဧကလျှင် ပိဿာ တစ်ထောင်ကျော် ထွက်ရှိခဲ့၍ ယခုအခါ ဝါစိုက်တောင်သူအားလုံးနီးနီး ငွေချည် (၆)ဝါကိုသာ ပြောင်းလဲစိုက်ပျိုးခဲ့ကြပြီး လက်ဖျားတွင် ငွေသာမက ရွှေပါသီးခဲ့သဖြင့် ငွေချည်(၆)ဝါကို ရွှေချည်(၆) ဝါဟုပင်တင်စားနေကြရပြီဖြစ်သည်။

စပါး၊ ပဲမျိုးစုံသာမက အဓိကသီးနှံ ၁၀ မျိုးအနက်မှ ဒေသနှင့် ကိုက်ညီသည့် သီးနှံများကို ပြည်နယ်နှင့် တိုင်းအလိုက် နိုင်ငံတော်က စီမံကိန်းချမှတ်စိုက်ပျိုးနိုင်ခဲ့သည့်အတွက်၊ ဧရာဝတီတိုင်းကို နိုင်ငံတော်၏ စပါးကျီဟူ၍ လည်းကောင်း၊ တနင်္သာရီတိုင်းနှင့် မကွေးတိုင်းကို နိုင်ငံတော်၏ ဆီအိုးကြီးဟူ၍ လည်းကောင်း၊ မွန်ပြည်နယ်ကို ရော်ဘာပြည်နယ်၊ ရခိုင်ပြည်နယ်ကို ငရုတ်ကောင်းပြည်နယ်၊ ချင်းပြည်နယ်ကို လက်ဖက်ပြည်နယ် စသည်ဖြင့် လည်းကောင်း တင်စားသတ်မှတ်ခေါ်ဝေါ်ရသည်အထိ ဒေသအလိုက်အသီးသီး အောင်မြင်ဖြစ်ထွန်းခဲ့ပေပြီ။

စိုက်ပျိုးရေးသာမက စိုက်ပျိုးရေးနှင့် မွေးမြူရေး အပြန်အလှန် အမှီသဟဲပြု အကျိုးကျေးဇူးတို့ စုရုံးဖြစ်ပေါ်ရာ ကြက်ခြံ၊ ဝက်ခြံ၊ ဆိတ်ခြံ၊ ငါးကန်များဖြင့် တွဲဖက်ထားသည့် ဘက်စုံပေါင်းစည်းလယ်ယာများသည်လည်း ကျေးလက်တိုင်းတွင် ဖြစ်ထွန်းပေါ်ပေါက်လာခဲ့ပေပြီ။ မိရိုးဖလာလုပ်ငန်းတွင် စီးပွားရေးလုပ်ငန်းရှင်ကြီးများမှ အရင်းအနှီးထည့်ဝင် မ, တည်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ပုဂ္ဂလိက ခေတ်မီပေါင်းစည်းလယ်ယာများလည်း ဒေသအလိုက် ပေါ်ထွန်းလာခဲ့ပြီဖြစ်ရာ မူလက ကျေးလက်များ၌ ဒေသကြက်များကို တစ်အိမ်ထောင်ကြက်ဖတစ်ကောင် ကြက်မကိုးကောင် မွေးမြူခဲ့ကြသည့် ပြည်တွင်းစားသုံးမှုအဆင့်မှ တစ်ဆင့်တက်ကာ ငါးကန်များ၊ ပုစွန်ကန်များ ပါဝင်သည့် မွေးမြူရေးဇုန်များ၊ ခေတ်မီမွေးမြူရေးခြံကြီးများဖြင့် ဥစားကြက်၊ အသားတိုးကြက်၊ ဘဲ၊ ဆိတ်၊ သိုး၊ ဝက်၊ ကျွဲ၊ နွားများကို စီးပွားဖြစ်မွေးမြူနိုင်ကြပြီး နိုင်ငံတော်၏ တိုးတက်လာသော လူဦးရေနှင့် လိုက်ဖက်ညီစွာ သားငါးကဏ္ဍကို ဖြည့်ဆည်းပေးနိုင်ခဲ့သည်သာမက ပြည်ပသို့ပါ တင်ပို့နိုင်သည်အထိ အောင်မြင်ဖြစ်ထွန်းလာခဲ့ပြီဖြစ်သည်။

မွေးမြူရေးဇုန်

ယခင်က မွေးမြူရေးဇုန်ဟူ၍ မရှိခဲ့သော်လည်း ယခုအခါ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ကုန်ဈေးနှုန်းတည်ငြိမ်ကျဆင်းစေရန်အတွက် တိရစ္ဆာန်မွေးမြူရေးဇုန်များအဖြစ် ကြက်မွေးမြူရေးဇုန် ၁၉ ဇုန်၊ ဘဲမွေးမြူရေးဇုန် နှစ်ဇုန်၊ ငုံးမွေးမြူရေးဇုန် တစ်ဇုန်၊ ဝက်မွေးမြူရေးဇုန် ကိုးဇုန်၊ သိုးမွေးမြူရေးဇုန် နှစ်ဇုန်၊ ဆိတ်မွေးမြူရေးဇုန် ရှစ်ဇုန်နှင့် နွားမွေးမြူရေးဇုန် ၁၂ ဇုန် စုစုပေါင်း မွေးမြူရေးဇုန်ကြီး ၅၃ ဇုန်တို့ကို လုပ်ငန်းစီမံချက်များရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ဒေသနှင့် ကိုက်ညီသော သီးနှံများကို နေရာဒေသအနှံ့ စိုက်ပျိုးလျက်ရှိရာတွင် ပြင်ဦးလွင်ခရိုင်အတွင်း၌ ဖြစ်ထွန်းအောင်မြင်နေသော ကော်ဖီပင်များကို တွေ့ရစဉ်။

ငါးမွေးကန်များတိုးချဲ့ဆောင်ရွက်မှုအနေဖြင့် ၁၉၈၈ ခုနှစ်ကာလတွင် ငါးမွေးကန်ပေါင်း ၆၃၀၀ ဧကသာ ရှိခဲ့သော်လည်း ယခုအခါ ငါးမွေးကန်ဧက စုစုပေါင်း ၂၁၇၈၃၆ ဧကအထိ တိုးချဲ့မွေးမြူထုတ်လုပ်နိုင်ခဲ့ပြီဖြစ်သည်။ဤသို့ ငါးမွေးကန်များ တိုးချဲ့နိုင်ခဲ့သည့်အတွက် ဒေသခံပြည်သူများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိလာသည့်အပြင် စားဝတ်နေရေးကိုပါ အထောက်အကူပြု ရရှိစေခဲ့သည်။ စပါး၊ ငါးတွဲဖက်စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည့်အတွက်လည်း ကျေးလက်ပြည်သူများ စပါးလည်းရ၊ ငါးလည်းရကာ အကျိုးစီးပွားဖြစ်ထွန်းခဲ့ကြသည်။

ပုစွန်မွေးမြူရေးနှင့်ပတ်သက်၍ ၁၉၈၈ ခုနှစ်အထိ ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိခဲ့သော်လည်း ယခုအခါ စုစုပေါင်း ၂၂၄၈၆၈ ဧကအထိ တိုးချဲ့မွေးမြူထုတ်လုပ်ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။ ထို့ပြင် ကဏန်းမွေးမြူရေးကန် ၄၆၂၆ ဧကနှင့် ကင်းပုစွန်၊ ကျောက်ပုစွန်မွေးမြူရေးကန် ၁၄ ဧကတို့ကိုလည်း မွေးမြူထုတ်လုပ်လျက်ရှိသည်။

ရေမြေသဘာဝ အခြေအနေပေးသော နေရာဒေသများမှ မွေးမြူရေးကန်များအနေဖြင့် ယခင်ကနှင့်မတူ တစ်မူခြားနားစွာတိုးပွားလာခဲ့သည်။ အသားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တိရစ္ဆာန်မျိုးကောင်းမျိုးသန့်၊ တိရစ္ဆာန်အစားအစာနှင့် ဆေးဝါးများကို လည်းကောင်း၊ ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီသည့် နည်းပညာများကို လည်းကောင်း

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✻

ငါးမွေးမြူရေးကန်များမှ ထွက်ရှိသောငါးများကို အခွန်လွတ်ဈေးများနှင့် ကော်မတီပိုင် အရောင်းဆိုင်များသို့ပို့၍ ဈေးနှုန်း ချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိရာ ကုန်ဈေးနှုန်း တည်ငြိမ်ကျဆင်းရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူ ဖြစ်စေခဲ့သည်။

လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူများက သီးနှံစုံ စိုက်ပျိုးလျက်ရှိကြရာ ခရမ်းမြို့နယ်အတွင်း အောင်မြင်ဖြစ်ထွန်းနေသော ပဲခင်းကြီးကို တွေ့ရစဉ်။

✳ စာမျက်နှာ ၉ မှ

ဖြန့်ဖြူးပေးလျက်ရှိသည့် အပြင် တိရစ္ဆာန်ရောဂါ ကာကွယ်ကုသရေးကိုပါ ယှဉ်တွဲဆောင်ရွက်ပေးနေသဖြင့် သားငါးကဏ္ဍ တိရစ္ဆာန်မွေးမြူမှုပါ မြင့်တက်လာခဲ့သည်။

သားငါးထုတ်လုပ်မှု

သားငါးကဏ္ဍ ထုတ်လုပ်မှုအနေဖြင့် ၂၀၀၉-၂၀၁၀ ခုနှစ်တွင် အသားစုစုပေါင်း ပိဿာသိန်းပေါင်း ၁၀၉၉၃ ဒသမ ၇၁ ထုတ်လုပ်နိုင်ခဲ့ပြီး ရေချိုရေငန် ငါး ပုစွန်အနေဖြင့် ပိဿာသိန်းပေါင်း ၂၄၀၀၂ ထုတ်လုပ်နိုင်ခဲ့သည်။ ၂၀၁၀-၂၀၁၁ခုနှစ် ငါး ပုစွန် ထုတ်လုပ်မှု ရည်မှန်းချက်အနေဖြင့် ပိဿာသိန်းပေါင်း ၂၄၅၁၀ အထိ တိုးမြှင့်ထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်သည်။

ပြည်ပဈေးကွက်ပို့

ယခင်က အသားကို ပြည်ပသို့ တင်ပို့နိုင်မှု မရှိခဲ့သော်လည်း ယခုအခါ ပြည်ပသို့ပါဈေးကွက်ချဲ့ထွင်ခြေလှမ်းဝင်နိုင်ခဲ့ပြီဖြစ်ရာ ၂၀၀၉-၂၀၁၀ ခုနှစ်တွင် အေးခဲအမဲသား တန်ထောင်ပေါင်း ၅ ဒသမ ၈၀၂၊ ငါးမျိုးစုံ တန်ထောင်ပေါင်း ၁၂၂ ဒသမ ၄၀၃၊ ပုစွန်တန် ထောင်ပေါင်း ၂ ဒသမ ၉၄၅ နှင့် ကဏန်းတန်ထောင်ပေါင်း ၈ ဒသမ ၃၈၃တို့အား ပြည်ပသို့တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

မွေးမြူရေးဇုန်

မွေးမြူရေးလုပ်ငန်းအနေဖြင့် မိသားစုတစ်ပိုင်တစ်နိုင်မှ ပုဂ္ဂလိကလုပ်ငန်းရှင်များကဏ္ဍ၊ သမဝါယမကဏ္ဍနှင့် မွေးမြူရေးဇုန်ကြီးများအထိ တိုးတက်လုပ်ကိုင်နိုင်ခဲ့ပြီ ဖြစ်သည်။

ထိုနည်းတူ ငါး ပုစွန်မွေးမြူရေးလုပ်ငန်းများကိုလည်း တိုးချဲ့လုပ်ကိုင်နိုင်ပြီဖြစ်သဖြင့် ပြည်ပပို့ကုန်တင်ပို့နိုင်မှုအတွက် အလားအလာကောင်းများ ရရှိလာခဲ့သည်။ ထိုသို့ ရရှိလာသည့် စီးပွားရေးအလားအလာကောင်းများကို ပိုမိုတိုးတက်ရရှိမှုမြင့်မားလာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အခြေခံအုတ်မြစ်

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ခဲ့မှုများသည် အနာဂတ်တွင်ဖြစ်ပေါ်လာမည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်အတွက် ခိုင်ခံ့သောအခြေခံအုတ်မြစ်များသာ ဖြစ်ပေသည်။

လက်ရှိ နိုင်ငံတော်အစိုးရလက်ထက်တွင် ဆည်တမံများ တည်ဆောက်ပေးခြင်းအပြင် စိုက်ဧကများ တိုးချဲ့နိုင်ခြင်း၊ တစ်ဧကအထွက်နှုန်းကောင်းအောင် မျိုးကောင်းမျိုးသန့်များ အစားထိုးစိုက်ပျိုးစေခြင်းနှင့် စိုက်ပျိုးရေးနည်းစနစ်များ ဖြန့်ဝေပေးနိုင်ခြင်းတို့ကြောင့် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍသည် အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲလျက်ရှိသည်။

မြင့်မားတိုးတက်

ထို့အတူ မွေးမြူရေးလုပ်ငန်းများနှင့်ပတ်သက်၍ သားငါးမျိုးကောင်းမျိုးသန့်များ တိုးတက်ဖြန့်ဖြူးပေးခြင်း၊ သားငါးထုတ်လုပ်မှု ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်ထွန်းကားလာစေရန်ဆောင်ရွက်ခြင်း၊ မျိုးမပြုန်းတီးစေရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ တိရစ္ဆာန်နှင့် ငါး ပုစွန်မွေးမြူထုတ်လုပ်သူများ၏ လူမှုစီးပွားရေး အဆင့်အတန်းမြင့်တင်ပေးရေးအတွက် ဆောင်ရွက်ပေးနိုင်ခြင်းတို့ကြောင့် မြန်မာ့သားငါးကဏ္ဍသည်လည်း မြင့်မားတိုးတက်လာခဲ့သည်။

ဟန်ချက်ညီဆောင်ရွက်

ဤသို့ဖြစ်ပေါ်လာရန် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ လက်ချင်းယှက်သွယ်၊ အားချင်းနွယ်လျက်ဆောင်ရွက်ခဲ့ရပေသည်။ နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများမှ ဒေသအလိုက်ဝမ်းစာဖူလုံအောင် ဖော်ဆောင်ပေးနိုင်ရေး၊ ဘက်စုံသီးနှံစိုက်ပျိုးမှု ဖြစ်ထွန်းရေးအတွက် တစ်ခေတ်ဆန်းသစ်လာအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့်အပြင် မွေးမြူရေးလုပ်ငန်းများကိုလည်း စိုက်ပျိုးရေးကဏ္ဍနည်းတူ ထက်ကြပ်မကွာ လိုက်ပါလှမ်းချီ ဟန်ချက်ညီအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ယခုကဲ့သို့ သီးနှံ သားငါးထုတ်လုပ်မှုကဏ္ဍ မြင့်မားလာခြင်းသည် ရေသယံဇာတ၊ မြေသယံဇာတကြွယ်ဝသော နိုင်ငံဖြစ်သော်လည်း နောင်လာနောက်သားများ စားသုံးနိုင်သည်အထိ မြော်မြင်တွက်ဆလျက် ကြိုးစားလုပ်ဆောင်ပေးခဲ့သော နိုင်ငံတော်၏စေတနာနှင့် ပြည်သူများ၏ စွမ်းဆောင်နိုင်မှုများကြောင့်သာဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ကဏန်းမွေးမြူရေးကန်များ

ကျောက်တန်းမြို့နယ် ကျောက်တန်းမွေးမြူရေးဇုန်ရှိ ကဏန်းမွေးမြူရေးကန်များကို တွေ့ရစဉ်။

မြန်မာနိုင်ငံ၏ စိုက်ပျိုးသီးနှံများ ပြည်ပတင်ပို့နိုင်မှု အခြေအနေနှိုင်းယှဉ်ချက်

စဉ်	အမျိုးအမည်	ပြည်ပတင်ပို့မှု မက်ထရစ်တန် (ထောင်ပေါင်း)	
		၁၉၈၈-၈၉ခုနှစ်	၂၀၀၉-၂၀၁၀ခုနှစ်
၁	ဆန်	၄၇. ၈	၈၁၈. ၁
၂	ပြောင်း	၀. ၉	၁၁. ၅
၃	မတ်ပဲ	၁၂. ၂	၆၁၅. ၈
၄	ပဲတီစိမ်း	၀. ၅	၃၀၃. ၆
၅	ပဲစင်းငုံပါ အခြားပဲမျိုးစုံ	၄. ၄	၂၆၆. ၃
၆	နှမ်း	-	၂၄. ၄
၇	နေကြာ	-	၄. ၈
၈	ရော်ဘာ	၂. ၃	၄၁. ၁

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ

စဉ်	အမျိုးအမည်	၁၉၈၈-၈၉ခုနှစ်		၂၀၀၉-၂၀၁၀ခုနှစ်		၂၀၁၀-၂၀၁၁ ခုနှစ်
		စိုက်ပျိုးဧက	ထွက်ရှိပမာဏ (ထောင်ပေါင်း)	စိုက်ပျိုးဧက	ထွက်ရှိပမာဏ (ထောင်ပေါင်း)	လျာထား စိုက်ပျိုးဧက
	စက်မှုသီးနှံ					
၁	ဆီအုန်း	၁၈၄၉၃	၈. ၀၆တန်	၂၇၇၁၂၀	၂၄၅တန်	၃၀၄၁၂၀
၂	လက်ဖက်	၁၄၃၇၄၆	၂၉၉၁၈ပိဿာ	၂၂၉၅၇၇	၅၇၆၄၃ပိဿာ	၂၃၁၈၃၇
၃	ကော်ဖီ	၃၃၈၁၁	၉၆၀ပိဿာ	၆၀၂၂၁	၄၃၇၄ပိဿာ	၆၀၈၄၈
၄	ချက်ကြံ	၁၂၃၂၂၇	၂၁၆၀တန်	၃၉၅၆၅၃	၉၅၆၀တန်	၄၁၂၆၇၂
၅	ဝါ	၄၄၃၁၈၀	၃၆၉၁၅ပိဿာ	၈၈၈၁၁၈	၃၂၀၂၉၃ပိဿာ	၉၀၃၃၀၀
၆	ရော်ဘာ	၁၉၁၉၁၆	၃၁၆၉၅ပေါင်	၁၁၄၃၇၁၂	၂၄၇၀၉၁ပေါင်	၁၂၁၇၁၇၉
	ဆီထွက်သီးနှံ					
၇	မြေပဲ	၁၃၅၅၂၀၁	၃၈၆၄၁တင်း	၂၁၄၁၀၉၅	၁၂၀၁၁၃တင်း	၂၁၄၂၉၇၆
၈	နှမ်း	၂၉၉၄၃၇၂	၅၉၁၃တင်း	၄၀၃၈၄၇၇	၃၅၂၃၉တင်း	၄၀၈၉၇၅၂
၉	နေကြာ	၅၂၃၅၆၂	၈၈၇၁တင်း	၂၁၈၁၇၈၀	၅၃၈၇၅တင်း	၂၂၃၅၁၉၇
၁၀	မုန်ညင်း	၄၃၁၉၄	၃၂၁တင်း	၂၄၆၇၄၇	၃၃၁၁တင်း	၂၅၃၃၀၆
၁၁	ပန်းနှမ်း	၉၅၈၃၇	၃၃၉တင်း	၃၈၅၃၄၆	၄၀၀၅တင်း	၃၈၉၆၆၃
	နှံစားသီးနှံ					
၁၂	စပါး	၁၁၈၀၇၁၆၀	၆၃၀၉၂၅တင်း	၁၉၉၃၂၇၀၂	၁၅၁၁၉၄၈တင်း	၂၀၄၅၉၀၃၃
၁၃	အစေ့ထုတ်ပြောင်း	၃၄၀၆၄၅	၇၇၃၅တင်း	၈၉၆၅၀၁	၄၉၉၁၈တင်း	၉၅၀၆၃၈
	ဟင်းမွှေးပင်သီးနှံ					
၁၄	ငရုတ်ကောင်း	၈၅၉	၁၃၁ပိဿာ	၁၁၃၅၃၅	၅၅၉၄ပိဿာ	၁၁၅၈၆၁

ငါး ပုစွန်မွေးမြူရေးကန် ဆောင်ရွက်ထားရှိမှု အခြေအနေနှိုင်းယှဉ်ချက်

စဉ်	အကြောင်းအရာ	မွေးမြူရေးကန်(ဧက)	
		၁၉၈၈-၈၉ခုနှစ်	၂၀၀၉-၂၀၁၀ခုနှစ်
၁	ငါးမွေးမြူရေးကန်	၆၃၀၀	၂၁၇၈၃၆
၂	ပုစွန်မွေးမြူရေးကန်	-	၂၂၄၈၆၈
၃	ကင်းပုစွန်၊ ကျောက်ပုစွန် မွေးမြူရေးကန်	-	၁၄
၄	ကဏန်းမွေးမြူရေးကန်	-	၄၆၂၆
	စုစုပေါင်း(ဧက)	၆၃၀၀	၄၄၇၃၄၄

တိရစ္ဆာန်မွေးမြူရေးဇုန်များ တည်ဆောက်ထားရှိမှု အခြေအနေ

စဉ်	အကြောင်းအရာ	တိရစ္ဆာန်မွေးမြူရေးဇုန်	
		၁၉၈၈-၈၉ခုနှစ်	၂၀၀၉-၂၀၁၀ခုနှစ်
၁	ကြက်မွေးမြူရေးဇုန်	-	၁၉
၂	ဘဲမွေးမြူရေးဇုန်	-	၂
၃	ငုံးမွေးမြူရေးဇုန်	-	၁
၄	ဝက်မွေးမြူရေးဇုန်	-	၉
၅	သိုးမွေးမြူရေးဇုန်	-	၂
၆	ဆိတ်မွေးမြူရေးဇုန်	-	၈
၇	နွားမွေးမြူရေးဇုန်	-	၁၂
	စုစုပေါင်း(ဇုန်)	-	၅၃

၂၀၁၀ ခုနှစ် (၁၉)ကြိမ်မြောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ကရာတေးဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇူလိုင် ၁၅

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ကရာတေးဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၄ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အမျိုးသား အားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အဆိုပါပြိုင်ပွဲကို တပ်မတော် (ကြည်း၊ ရေ၊ လေ)မှ ပြိုင်ပွဲဝင်အသင်း ၂၂ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ (သတင်းစဉ်)

အမှာစကားပြောကြား

မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ကရာတေးဒိုပြိုင်ပွဲဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော်အသင်းမှ အောင်မျိုးမင်း၏ ဂိုးသွင်းရန် ကြိုးပမ်းမှုကို ဇွဲကပင်ဂိုးသမား ကာကွယ်စဉ်။

ဇွဲကပင်ကို နေပြည်တော် F.C ဂိုးပြတ်အနိုင်ယူ

ရန်ကုန် ဇူလိုင် ၁၅

၂၀၁၀ MNL အရန်အသင်းများ အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၄) နောက်ဆုံးပွဲဖြစ်သည့် ဇွဲကပင်ယူနိုက်တက်အသင်းနှင့် နေပြည်တော်အသင်းတို့သည် ယနေ့ညနေ ၄ နာရီက သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားကြရာ နေပြည်တော်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

နေပြည်တော် - သုံးဂိုး
(သိန်းဇော်မျိုး၊ အောင်မျိုးမင်းနှင့် သုနောင်-တစ်ဂိုးစီ)
ဇွဲကပင်ယူနိုက်တက် - တစ်ဂိုး
(ချစ်ကိုကိုထွေး - ပယ်နယ်တီ)

နှစ်ပွဲဆက် ရှုံးပွဲကြုံတွေ့ထားသည့် နေပြည်တော်အသင်းမှာ ယခုပွဲတွင် ခြေစွမ်းပြပြီး နိုင်ပွဲစတင်ရရှိသွားခဲ့သည်။ ဇွဲကပင်ယူနိုက်တက်အသင်း၏ ခံစစ်ကစားပုံအားနည်းမှုများကြောင့် နေပြည်တော်အသင်းအခွင့်အရေးပိုရခဲ့ပြီး ပထမဦးဆုံး နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။ ဇွဲကပင်ယူနိုက်တက်အသင်း၏ ယခုပွဲကစားပုံမှာ အမှားများခဲ့ပြီး ချေပဂိုး ရရှိနိုင်သည့် အခွင့်အရေးများရခဲ့သော်လည်း အသုံးမချနိုင်ခဲ့၍ ရှုံးပွဲကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။

ပွဲအစ နှစ်မိနစ်မှာပင် နေပြည်တော်အသင်း ဂိုးစရခဲ့ပြီး သိန်းဇော်မျိုးက သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် နေပြည်တော်အသင်းက ပွဲကို စိုးမိုးသွားပြီး ၁၈ မိနစ်တွင် ခိုင်ထူး၏ ဖန်တီးပေးမှုမှတစ်ဆင့် အောင်မျိုးမင်းက ပိတ်သွင်းယူခဲ့သဖြင့် နေပြည်တော်အသင်း ဒုတိယဂိုးရရှိသွားသည်။ နေပြည်တော်အသင်းမှာ ဂိုးထပ်ရနိုင်မည့်အခွင့်အရေး ငါးကြိမ်ထက်မနည်း ရရှိခဲ့သော်လည်း အသုံးမချနိုင်၍ မိနစ် ၈၀ ကျော်မှ ဂိုးထပ်ရခဲ့သည်။ နေပြည်တော်အသင်းအတွက် တတိယဂိုးကို ၈၃ မိနစ်တွင် သုနောင်က ထောင့်ဖြတ်ကန်သွင်းယူခဲ့သည်။ ဇွဲကပင်အတွက် နှစ်သိမ့်ဂိုး တစ်ဂိုးကို မိနစ် ၉၀ တွင် ပယ်နယ်တီမှတစ်ဆင့် ချစ်ကိုကိုထွေးက သွင်းယူခဲ့သည်။ (ကြေးမုံ)

TMW Enterprise Ltd. ၏ Sony Recording Media & Energy Product Seminar နှင့် အရောင်းကိုယ်စားလှယ်များအား ဂုဏ်ပြုညစာစားပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၅

TMW Enterprise Ltd. က တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တင်သွင်းသော Sony အမှတ်တံဆိပ် Recording Media & Energy Product Seminar ကို ယမန်နေ့ညနေ ၆ နာရီတွင် Traders Hotel ၌ ကျင်းပသည်။

ရှေးဦးစွာ TMW Enterprise Ltd. မှ Managing Director ဦးဝေလွင်က ကြိုဆိုနှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး Sony RME Batteries နည်းပညာသစ်များကို Mr. Phillip နှင့် Mr.Jimmy Tay တို့က သရုပ်ပြရှင်းလင်းပြသကာ Ms. Akiko က Sony Battery ဈေးကွက်အကြောင်းကို ရှင်းလင်းပြောကြားသည်။

Sony RME Product များအနေနှင့် Audio Tape, Video Tape, CDR, DVDR, Memory Stick, Battery, Rechargeable Battery နာရီနှင့်ဂဏန်းပေါင်းစက်များတွင် အသုံးပြုသည့် Micro Battery များကို ထုတ်လုပ်ထားသည်။

Sony Battery များတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးနှင့် သုံးစွဲသူအတွက် အန္တရာယ်မဖြစ်စေရန် ကာကွယ်ထားမှုများနှင့်အတူ တစ်ကမ္ဘာလုံးတွင် အသုံးပြုနေသော အမျိုးမျိုးသော Voltage များနှင့်လည်း အသုံးပြုနိုင်အောင် တီထွင်ထုတ်လုပ်ထားသည်။

၂၀၁၀ ခုနှစ်တွင် Sony SD Memory Card များကို SD Card အသုံးပြုသော Sony Product များတွင်သာမက SD Card အသုံးပြုရသော အခြား Product များအတွက်လည်း အဆင်ပြေစေရန် ထုတ်လုပ်ထားသည်။ ထို့အတူ Multi Use Rechargeable Battery များကိုလည်း ယခုနှစ်မှစပြီး ထုတ်လုပ်ရောင်းချလျက်ရှိသည်။ Multi Use Battery များသည် အကြိမ် ၁၀၀၀ ပြန်လည်အားသွင်းပြီး အသုံးပြုနိုင်သောကြောင့် သုံးစွဲသူများ၏ ကုန်ကျစရိတ်များကိုလည်းများစွာ လျှော့ချပေးနိုင်မည်ဖြစ်သည်။

ထို့နောက်Sony RME ၏ ရောင်းအားအကောင်းဆုံး Dealer များကို ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

TMW Enterprise Ltd. မှ Managing Director ဦးဝေလွင် Sony အမှတ်တံဆိပ် Recording Media & Energy Product Seminar တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဥပဒေပညာကျောင်းသား၊ ကျောင်းသူဟောင်းများ၏ သားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်

ရန်ကုန် ဇူလိုင် ၁၅

၁၉၈၂မှ ၁၉၈၈(၉၁) ဥပဒေပညာကျောင်းသား၊ ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပရေးကော်မတီနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ ဆပ်ကော်မတီက ၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ဥပဒေပညာ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ သားသမီး ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုပွဲကို ဇူလိုင် ၁၁ရက် နံနက် ၈နာရီတွင် ဗဟန်းမြို့နယ်ရှိ မြေပဒေသာ ကျွန်း ဒေါ်လ်ဖင် စားသောက်ဆိုင်ခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ ၁၉၈၂ မှ ၁၉၈၈(၉၁)ဥပဒေပညာ ကျောင်းသား၊ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပရေးကော်မတီဥက္ကဌ ဦးဘတင့်ဆွေက ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးရှင် မစုရည်ဝင်းအား ဥက္ကဌ ဦးဘတင့်ဆွေက ဂုဏ်ပြုဆုငွေပေးအပ်ချီးမြှင့်ပြီး ကော်မတီဝင်များက လေးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင်နှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင်တစ်ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် နှစ်ဦးတို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲဆပ်ကော်မတီက ခြောက်ကြိမ်မြောက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ ဖြစ်ကြောင်းနှင့် အာစရိယပူဇော်ပွဲကို ၂၀၁၁ ခုနှစ်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

စတုတ္ထအကြိမ်မြောက် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဇူလိုင် ၁၅

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် စတုတ္ထအကြိမ်မြောက် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ်များကို ယနေ့ ညနေ ၄ နာရီတွင် သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပရာ သက်ဆိုင်ရာ ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ ဘောလုံးအားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြသည်။

နေပြည်တော်ကွင်း အမှတ်(၁) (ဂ)အုပ်စု

စီးပွား/ကူးသန်းဝန်ကြီးဌာန (၂)ဂိုး

(အေးချမ်းနှင့် လင်းလင်းအောင်-တစ်ဂိုးစီ)

ဟိုတယ်/ခရီးဝန်ကြီးဌာန (ဂိုးမရှိ)

(ဒိုင်)ဦးသောင်းလှိုင်(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

ယင်းပြိုင်ပွဲသို့ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ဘောလုံးဝါသနာရှင်များ အားပေးကြည့်ရှုကြသည်။

ပေါင်းလောင်းအားကစားပြိုင်ကွင်း (ဃ)အုပ်စု

သတ္တုတွင်းဝန်ကြီးဌာန (၄)ဂိုး

မျိုးလင်းအောင်(၂)၊ ရွှေတိုး(၁)၊ နိုင်လင်းထွန်း(၁)

စီမံ/စီးပွားဝန်ကြီးဌာန (၂)ဂိုး

ရဲငြိမ်းထိုက်(ကိုယ့်ဂိုးကိုယ်သွင်း)၊ မျိုးမင်းဦး(၁)ဂိုး

(ဒိုင်) ဦးသိန်းစော(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

ဇူလိုင် ၁၆ ရက် ပွဲစဉ်များအဖြစ် နေပြည်တော်အားကစားပြိုင်ကွင်း၌ (င)အုပ်စုမှ ပြည်ထဲရေးအသင်းနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်း၊ နေပြည်တော်ပေါင်းလောင်းအားကစားပြိုင်ကွင်း၌ (င)အုပ်စုမှ သိပ္ပံနှင့် နည်းပညာအသင်းနှင့် စွမ်းအင်ဝန်ကြီးဌာနအသင်း၊ နေပြည်တော်လယ်ဝေး အားကစားပြိုင်ကွင်း၌ (စ)အုပ်စုမှ အားကစားဝန်ကြီးဌာနအသင်းနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနအသင်းတို့ အသီးသီး ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

(၁၀၇)

▲ ကျောဖုံးမှ

အင်ဂျင်နီယာတက္ကသိုလ်များ၌ ပညာဆည်းပူးနေကြသော ကျောင်းသား၊ ကျောင်းသူများ ပါဝင်ဆင်နွှဲကြသည်။

ရှဲလ်ကုမ္ပဏီ၏"အီကိုမာရသွန်အေးရှား" ပြိုင်ပွဲကို အာရှတိုက်တွင် ကျင်းပခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။ အလားတူပြိုင်ပွဲကို ဥရောပတိုက်တွင် ၁၉၈၅ ခုနှစ်မှလည်းကောင်း၊ အမေရိကန်နိုင်ငံတွင် ၂၀၀၇ ခုနှစ်မှ လည်းကောင်း နှစ်စဉ်ကျင်းပလာခဲ့သည်။

ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ လောင်စာဆီသုံးစွဲမှုအနည်းဆုံးဖြင့် ခရီးတာ အကွာအဝေးအများဆုံး မောင်းနှင်နိုင်မည့် မော်တော်ကားများကို ထုတ်လုပ်လာကြစေရန် တိုက်တွန်းအားပေးလိုခြင်းဖြစ်ကြောင်း မလေးရှားစွမ်းအင်နှင့် သဘာဝပတ်ဝန်းကျင်နည်းပညာဆိုင်ရာ ဝန်ကြီး ပီတာချင်မာကီက ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည်။

မော်တော်ယာဉ်များက ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှု နည်းနိုင်သမျှနည်းစေရန် စွမ်းအင်နည်းပညာသစ်များကို ဖော်ထုတ်ရန် အသုံးပြုကြောင်း၊ လူငယ်များ၏ တီထွင်ကြံဆမှုစွမ်းပကားကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ယခုပြိုင်ပွဲတွင် ဓာတ်ဆီ၊ ဇီဝလောင်စာ၊ ဟိုက်ထရိုဂျင်လောင်စာဆဲလ်နှင့် ဒီဇယ်လောင်စာများသုံးစွဲသော ကားများကို အသင်းများအလိုက် သရုပ်ပြကာ ပါဝင်ယှဉ်ပြိုင်ကြသည်။ ***အင်တာနက်။***

ကြွက်ကာကွယ်နှိမ်နင်းရေး နှိုးဆော်ချက်

မိုးဦးအစတွင် ရိုးမများအတွင်း မှီခိုနေထိုင်သော ကြွက်ဝမ်းဖြူများသည် ဒေသနှင့် ဝါးမျိုးကွဲအလိုက် ဝါးပန်းပွင့်ခြင်း၊ ဝါးသုဉ်းခြင်းတို့ကြောင့် မျိုးပွားနှုန်း မြင့်မားလာခြင်းနှင့် ရိုးမအတွင်း အစားအစာရှားပါးလာခြင်းတို့ကြောင့် စပါးပျိုးခင်းနှင့် စိုက်ခင်းများရှိရာ မြေပြန့်သို့ အုပ်စုလိုက်ရွှေ့ပြောင်း၍ ပျိုးခင်းမှ စပါးစေ့နှင့် ပျိုးပင်ငယ်များကို စားသောက်ဖျက်ဆီးလာနိုင်သည်။

ကြွက်ကျရောက်ဖျက်ဆီးပါက အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ကြရန်ဖြစ်သည်-

- လူနေအိမ်နှင့် စိုက်ခင်းများအတွင်း ကြွက်ခိုအောင်းနိုင်သော နေရာများအား သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊
- ကြွက်ကျင်းများ တူးဖော်နှိမ်နင်းခြင်း၊
- ကြွက်ကျင်းများထဲသို့ မီးခိုးမှိုင်းတိုက်ခြင်း၊ ရေလောင်းထည့်ခြင်း၊
- တစ်ကွင်းတစ်စပ်တည်းတွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် ခြောက်လှန့်ရှာဖွေဖမ်းဆီးခြင်း၊
- ထောင်ချောက်အမျိုးမျိုး အသုံးပြုနှိမ်နင်းခြင်း၊
- လိုအပ်ပါက ကြွက်သတ်ဆေးချ၍ ကာကွယ်နှိမ်နင်းခြင်း၊

အကူအညီလိုအပ်ပါက နီးစပ်ရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းဌာနများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

မှတ်ပုံတင်ခွင့်ရရှိပြီးသော နိုင်ငံရေးပါတီများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယင်းတို့၏ ပါတီဝင်အင်အားစာရင်းများ လာရောက်တင်ပြ

နေပြည်တော် ဇူလိုင် ၁၅

နိုင်ငံရေးပါတီများသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၃(က)နှင့်အညီ ယင်းတို့ စည်းရုံးရရှိပြီးသော ပါတီဝင်အင်အားစာရင်းများကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ တင်ပြရန်ရှိရာ ဇူလိုင် ၁၂ ရက်တွင် **ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)** ပါတီကလည်းကောင်း၊ ယနေ့တွင် **“ဝ”အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ** နှင့် **မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ** တို့ကလည်းကောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်တင်ပြခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အင်တာနက်စွမ်းအင်နည်းပညာသတင်း

မလေးရှားနိုင်ငံ ကွာလာလမ်ပူ၌ ကျင်းပလျက်ရှိသော မော်တော်ယာဉ်ထုတ်လုပ်မှု နည်းပညာပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ကားတစ်စီးကို သရုပ်ပြသစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မှတ်သား ဖွယ်ရာ မိုးရေချိန်များ ၁၅-၇-၂၀၁၀

နေပြည်တော်(လော)	သုည	ဒသမ	၁၉ လက်မ
နေပြည်တော်တပ်ကုန်း	သုည	ဒသမ	၁၆ လက်မ
မချမ်းဘော	၅	ဒသမ	၃၉ လက်မ
ပူတာအို	၂	ဒသမ	၆၄ လက်မ
ကလေးဝ	၂	ဒသမ	ဝ၅ လက်မ
သာယာဝတီ	၁	ဒသမ	၃၄ လက်မ
ဖျာပုံ	၁	ဒသမ	၃၀ လက်မ
ဘီးလင်း	သုည	ဒသမ	၉၁ လက်မ

မော်တော်ယာဉ်ထုတ်လုပ်မှုနည်းပညာပြိုင်ပွဲ အာရှနိုင်ငံများမှ လူငယ်များပါဝင်ဆင်နွှဲ

ကွာလာလမ်ပူ ဇူလိုင် ၁၅

စွမ်းအင်ကို ထိရောက်စွာအသုံးပြုသော မော်တော်ယာဉ်ထုတ်လုပ်မှု နည်းပညာပြိုင်ပွဲတွင် အာရှနိုင်ငံများမှ လူငယ်များပါဝင်သည့် အသင်းပေါင်း ၈၀ ကျော် ပါဝင်ယှဉ်ပြိုင်လျက်ရှိကြကြောင်း မီဒီယာသတင်းများတွင် ဖော်ပြသည်။

ရှဲလ်ကုမ္ပဏီက ကြီးမှူးစီစဉ်သော “အီကိုမာရသွန်အေးရှား” (Eco-marathon Asia) အမည်ရှိ မော်တော်ယာဉ်ထုတ်လုပ်မှု နည်းပညာပြိုင်ပွဲကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ ဆီပန်းနိုင်ငံတကာကားမောင်းပြိုင်ကွင်း၌ ဇူလိုင် ၈ ရက်မှစ၍ ကျင်းပလျက်ရှိသည်။

သုံးရက်ကြာကျင်းပမည့် အဆိုပါပြိုင်ပွဲတွင် အာရှနိုင်ငံများရှိ စက်မှုတက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များနှင့်

စာမျက်နှာ ၁၁ ကော်လံ ၅ သို့ ▲

ဘာသာပြန် - ရေမောင်